Network for Democracy and Development
Documentation and Research Department
network for democracy & development

P.O Box 179, Mae Sod,Tak, 63110,Thailand. Phone: +66 (0) 85 733 4303. E-mail : ndddrd07@csloxinfo.com

# တစ်လအတွင်း မြန်မာ့သတင်း [ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ]

**ဇန်နဝါရီလ (၁)ရက်**

- ၂၀၀၉ ခုနှစ်၏ နောက်ဆုံးညတွင် မန္တလေးမြို့က လူငယ်များ မြို့အနှံ့လျှောက်လည်ကာ နှစ်သစ်ကို နှုတ်ခွန်းဆက်နေကြသည့်အချိန်တွင် ယခုလက်ရှိ သုံးစွဲနေသည့် (၅) ကျပ်တန်မှ (၂၀၀) ကျပ်တန်အထိ ငွေစက္ကူများပေါ်တွင် FREE 2010 ဆိုသည့် စာတမ်းကို တံဆိပ်တုံးနှင့် ရိုက်နှိပ်ကာ လူထုလှုပ်ရှားမှု ဖော်ဆောင်ရေးနှင့် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အင်အားစုအဖွဲ့က ဖြန့်ဝေခဲ့သည်။ (RFA 010110)
- စစ်တွေအကျဉ်းထောင်တွင် ထိန်းသိမ်းခံနေရသည့် နိုင်ငံရေးအကျဉ်းသားများကို ထောင်အာဏာပိုင်များက ဖိနှိပ်ညှင်းပမ်းမှုများ ရှိနေကြောင်း နိုင်ငံရေးအကျဉ်းသား မိသားစုဝင်များက ပြောသည်။ (RFA 010110)
- ရန်ကုန်တိုင်း တွံတေးမြို့တွင် ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်ရေးစာများ ဖြန့်ဝေသည့် လှုပ်ရှားမှုတစ်ရပ် ယမန်နေ့ နှစ်သစ်ကူးညတွင် ဖြစ်ပွားခဲ့ကြောင်း မြို့ခံတစ်ဦးက ပြောသည်။ (DVB 010110)
- မြန်မာစစ်အစိုးရမှ ပြုလုပ်ရန် ပြင်ဆင်နေသည့် ၂၀၁၀ ရွေးကောက်ပွဲကြောင့် မြန်မာပြည်တွင် ပြောင်းလဲမှုကြီးပေါ်လာလိမ့်မည်ဟု မျှော်လင့်မထားကြောင်း ဂါရင့်သတင်းစာဆရာ၊ စာရေးဆရာ လူထုစိန်ဝင်းက ယနေ့ ပြောကြားလိုက်သည်။ (DVB 010110)
- ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရင်ပြင်တွင် ယနေ့မှစ၍ ကြွပ်ကြွပ်အိတ်များ အသုံးပြုခွင့်မပေးတော့ကြောင်း ဘုရားဖူးသူများက ပြောသည်။ (DVB 010110)
- နှစ်သစ်အတွင်း မြန်မာ့နိုင်ငံရေး အပြောင်းအလဲများ ဖြစ်ပေါ်လာရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားအင်အားစုများ အပါအဝင် ပြည်သူများအားလုံး စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) က တိုက်တွန်းလိုက်သည်။ (DVB 010110)
- နှစ်သစ် ၂၀၁၀ တွင် အဖွဲ့ဝင်သစ်များနှင့် လူငယ်ဖော်ဆောင်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့က ယနေ့ ချမှတ်လိုက်သည်။ (DVB 010110)
- ယခုလ ၃ ရက်နေ့တွင် မောင်တောမြို့၌ ပြုလုပ်မည့် ကျောင်းသားစုံညီပွဲတော်အတွက် မောင်တောမြို့ရှိ ကျောင်းဆရာတချို့က ကျောင်းသားများထံမှ ခြိမ်းခြောက် ငွေကောက်ခံနေသည်ဟု ကျောင်းသားမိဘ တစ်ဦးက ပြောသည်။ (Narinjara 010110)
- ဒိန်းမတ်နိုင်ငံရောက် ရခိုင်အမျိုးသားများက ဆုံးရှုံးနေသော ရခိုင်ပြည်၏ မူလအခွင့်အရေးအား ပြန်လည်ရရှိရေးအတွက် ယမန်နေ့က ပြုလုပ်သည့် ၂၂၅ နှစ်မြောက် ရခိုင်ဘုရင့်နိုင်ငံတော် ကျဆုံးသည့်နေ့အခမ်းအနားတွင် တောင်းဆိုလိုက်သည်။ (Narinjara 010110)

**ဇန်နဝါရီလ (၂)ရက်**

- ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မကြာသေးခင်က DKBA တပ်ရင်း (၉၀၈) မှ တပ်ဖွဲ့ဝင်အချို့ KNU နှင့် သွားရောက်ပူးပေါင်းခဲ့သဖြင့် ၎င်းတို့တပ် အခြေစိုက်သည့် ဒေသခံရွာသားများသည် KNU နှင့် ဆက်သွယ်ပေးသည်ဟု စွပ်စွဲကာ ယနေ့အထိ နည်းမျိုးစုံဖြင့် နှိပ်စက်နေကြောင်း ဒေသခံများက ပြောသည်။ (KIC 020110)

- ရန်ကုန်တိုင်း ကော့မှူးမြို့နယ် မဆယ်ဆိပ်ကျေးရွာတွင် လယ်သမားများကို အာဏာပိုင်များက လယ်မြေအသုံးပြုခ တိုးမြှင့်ကောက်ခံနေသဖြင့် လယ်သမားများ အခက်တွေ့နေကြသည်။ (DVB 020110)
- မြန်မာ့နိုင်ငံရေး အကျဉ်းသားများအတွက် ရံပုံငွေရှာသည့် ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ရွှေဂုံတိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ယမန်နေ့က ကျင်းခဲ့ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောသည်။ (DVB 020110)

## ဇန်နဝါရီလ (၃)ရက်

- မြန်မာစစ်အစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့တစ်ခုဖြစ်သည့် မယက (အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) မြို့နယ်အဆင့် ဥက္ကဌ ရာထူးနေရာ အလွဲအပြောင်းကို သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်မြို့၌ လွန်ခဲ့သည့်လ ၃၁ ရက်နေ့က စတင်ပြုလုပ်နေပြီဖြစ်သည်။ (S.H.A.N 030110)
- လွန်ခဲ့သည့်နှစ် စက်တင်ဘာလ ၁၁ ရက်နေ့က ပခုက္ကူမြို့တွင် အဖမ်းခံခဲ့ရသည့် သတင်းထောက်တစ်ဦးဖြစ်သူ ရန်ကုန်အရှေ့ပိုင်း သာကေတမြို့နယ်မှ မလှလှဝင်းနှင့် သူ့အား ကူညီပေးခဲ့သူ အိမ်ရှင် ကိုမြင့်နိုင်တို့ကို လွန်ခဲ့သည့် ဒီဇင်လာလ ၃၁ ရက်နေ့က နောက်ထပ် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ (RFA 030110)
- ရန်ကုန်မြို့တွင် ၆ လကြာ တရာမဝင်နေထိုင်ခဲ့သည့် ကမ္ဘောဒီးယား နိုင်ငံသားတစ်ဦးကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်ကာ ၎င်းအား လက်ခံသည့်အိမ်ရှင်ကို ထောင်ဒဏ် ၃ နှစ် ချမှတ်လိုက်ကြောင်း ယမန်နေ့က ထုတ်သည့် Flower News Journal တွင် ဖော်ပြထားသည်။ (DVB 030110)
- နအဖစစ်တပ် စစ်မြေပြင် အင်ဂျင်နီယာ တပ်ရင်းမှ တပ်ကြပ်ကြီးတစ်ဦးကို ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက ယမန်နေ့က တက်ကနက် မြို့နယ်တွင် ဖမ်းဆီးခဲ့သည်။ (Narinjara 030110)

## ဇန်နဝါရီလ (၄)ရက်

- ယနေ့ကျရောက်သည့် (၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရုံးချုပ်တွင် ပြုလုပ်သည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာ "အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အဓိကဖော်ပြထားကြောင်း" ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက ပြောသည်။ (NEJ 040110)
- စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုနှစ်တွင် ရွေးကောက်ပွဲ ပြုလုပ်မည်ဟု ယနေ့ ကျရောက်သည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာတွင် အတည်ပြု ပြောကြားလိုက်သည်။ (NEJ/ Irrawaddy 040110)
- ရောဂတီမြစ်ဆုံအောက်ပိုင်းနှင့် အထက်ပိုင်းတွင် ဆောက်လုပ်မည့် ရေအားလျှပ်စစ်စီမံကိန်းများ၏ ရေလွှမ်းဧရိယာများတွင် ကျရောက်နေသည့် ကျေးရွာများကို လာမည့်ဖေဖော်ဝါရီလ၌ စတင်ပြောင်းရွှေ့ခိုင်းမည်ဖြစ်ကာ လိုအပ်သည့် နေအိမ်များကို ဆောက်လုပ်ပေးနေကြောင်း အေးရှားဝေါလ်ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ (NEJ 040110)
- အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်ထမ်းဆောင် နေကြသည့် အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားများကို ရာထူးအဆင့် မခွဲခြားဘဲ တစ်ပြေးညီ ၂၀,၀၀၀ ကျပ် တိုးမြှင့်ပေးလိုက်သည်ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နေပြည်တော်မှ အမိန့်ကြော်ငြာ စာအမှတ် ၁၀၄/၂၀၀၉ ကို ဒီဇင်ဘာလ (၃၁) ရက်တွင် ထုတ်ပြန်လိုက်သည်။ (NEJ 040110)
- ယနေ့ ကျရောက်သည့် (၆၂) ကြိမ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့တွင် အောင်ဆန်းဦးကို သင်ခန်းစာပေးခြင်း အမည်ဖြင့် မြားပစ်ပြိုင်ပွဲတရပ်ကို ထိုင်း-မြန်မာနယ်စပ် မဲဆောက်တွင် ကျင်းပသည်။ (NEJ/ Irrawaddy 040110)
- နအဖ စစ်အစိုးရက နိုင်ငံ၏လွတ်လပ်ရေး မော်ကွန်းဝင် ဘွဲ့တံဆိပ်ကို (၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပယ်ဖျက်လိုက်ကြောင်း ကြေညာလိုက်သည်။ (NEJ 040110)

- လျှပ်စစ်စွမ်းအင် ကဏ္ဍတွင် ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်ခြင်းကို ပထမဆုံးအကြိမ် ခွင့်ပြုလိုက်ရာ စစ်အစိုးရနှင့် နီးစပ်သည့် လုပ်ငန်းရှင်ကြီး ဦးတေဇအပါအဝင် ပြည်တွင်းပြည်ပ ကုမ္ပဏီများ ရရှိသွားသည်ဟု ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြထားသည်။ (Irrawaddy 040110)
- အစိုးရဝန်ထမ်းများ လစာတိုးမြှင့်သည် ဆိုသည့်သတင်းကြောင့် မြန်မာငွေတန်ဖိုး အနည်းငယ်ကျဆင်းသွား၍ ရွှေဈေး တက်သွားကြောင်း ရန်ကုန်စီးပွားရေးအသိုင်းအဝိုင်းမှ ဆိုသည်။ (Irrawaddy 040110)
- မြန်မာနိုင်ငံ နယ်စွန်နယ်ဖျား ဒေသများတွင် ဆောင်းတွင်းအအေးဓါတ် လွန်ကဲနေသဖြင့် ထိုဒေသများရှိ နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်နေကြောင်း နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်းနှင့် မိသားစုဝင်များက ပြောသည်။ (Mizzima 040110)
- ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် တင်သွင်းလာသော မိုဘိုင်းဖုန်းကဒ်များသည် ဘင်္ဂလားဒေ့ရှ် တာကာငွေ ၃၀,၀၀၀ (မြန်မာငွေ ၄၅၀,၀၀၀) တန်ဖိုးရှိ Grameen နှင့် Aktal ကုမ္ပဏီမှ ဖုန်းကဒ် ၃၀၀ ကျော်ကို မြန်မာနိုင်ငံအနောက်ဘက် နယ်စပ်မောင်တောတွင် ဖမ်းမိခဲ့သည်။ (Mizzima 040110)
- မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသည့် သခင်နိုင်ငံရေးသမားကြီးများက လွတ်လပ်ရေးနေ့ အောင်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပါရမီလမ်းက သခင်သိန်းဖေ နေအိမ်အတွင်းတွင် ပြုလုပ်ခဲ့ကာ အမျိုးသားအကျပ်အတည်းအား လက်တွဲဖြေရှင်းရန် နအဖ အစိုးရကို တိုက်တွန်း တောင်းဆိုလိုက်သည်။ (RFA 040110)
- ထိုင်းနိုင်ငံ မြောက်ပိုင်း ချင်းမိုင်မြို့တွင် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ အဆင့်မြင့်ပညာသင်ကြားနိုင်ရန် Bridging Educational Access to Migrants (BEAM) ကျောင်းသစ်တစ်ခု ယနေ့ စတင်ဖွင့်လှစ်လိုက်သည်။ (NMG 040110)
- ကရင်နီပြည် လွိုင်ကော်မြို့တွင် ထုတ်လုပ်သော သံလိုက်ဆီ (ခေါ်) ရွှေကိန္နာရာမောင်နံ အနာလိမ်းဆေးကို မြန်မာစစ်အစိုးရမှ တရားဝင် မှတ်ပုံတင်ပေးကာ ပြည်တွင်းအဆင့်မြင့် ဆေးအဖြစ် နိုင်ငံတကာတွင် ဖြန့်ချိ ရောင်းချနေသည်။ (Kantarawaddy Times 040110)
- ရိုးမ ၃ သတင်းဌာန တည်ထောင်ခြင်း (၁၂) မြောက် အခမ်းအနားကို ထိုင်း-မြန်မာနယ်စပ် တစ်နေရာတွင် ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ရိုးမ ၃ သတင်းဌာန စတင်ဖြစ်လာပုံနှင့် ဖြတ်သန်းခဲ့သည့် သမိုင်းကြောင်းကို သတင်းဌာန ဦးစီးတည်ထောင်ခဲ့သူတစ်ဦးဖြစ်သူ ဦးကျော်ထက်က ရှင်းလင်း ပြောကြားခဲ့သည်။ (Yoma3 040110)

## ဇန်နဝါရီလ (၅)ရက်

- စစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာဌာနအလိုက် ရန်ကုန်တိုင်းအတွင်း နေထိုင်သော အငြိမ်းစားအစိုးရဝန်ထမ်းများ နေအိမ်သို့ တစ်အိမ်ဝင် တစ်အိမ်ထွက် လိုက်လံစာရင်းကောက် ခံနေကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အငြိမ်းစား အရာရှိတစ်ဦးက ပြောသည်။ (NEJ 050110)
- မီးရထားနှင့် သက်ဆိုင်သည့်နေရာများတွင် ရုပ်ရှင်၊ ဗွီဒီယိုရိုက်ပါက ၎င်းတို့ထံ ခွင့်ပြုချက်ယူရန်နှင့် ရိုက်ကူးပြီးသည်များကို ဆင်ဆာတင်ပြရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ညွှန်ကြားချက် ထုတ်လိုက်သဖြင့် ရုပ်ရှင်နှင့် ဗွီဒီယိုသမားများက စိတ်ပျက်နေကြသည်ဟု အမည်မဖော်လိုသူ ရုပ်ရှင် ဒါရိုက်တာတစ်ဦးက ပြောသည်။ (NEJ 050110)
- စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနက ပြည်တွင်းထုတ် ပုံနှိပ်မီဒီယာများတွင် အရက်နှင့်ဘီယာ ကြော်ငြာအားလုံးကို ယခုလ (၁) ရက်နေ့မှစ၍ ပိတ်ပင်လိုက်ပြီဖြစ်သည်။ (NEJ 050110)
- ကြံ့ဖွံ့က မကွေးတိုင်း မြို့သစ်မြို့နယ်အတွင်း ကျေးရွာအုပ်စု (၅၀)ကျော်ကို ယမန်နှစ် ဩဂုတ်လက စတင်၍ (၈) လ ဆိုင်း အကြွေးစနစ်ဖြင့် မြေဩဇာကြွေးများ အတင်းအကျပ်ရောင်းချခဲ့ရာ ယခုလတွင် အာဏာသုံး ပြန်လည်တောင်းခံနေသည်။ (NEJ 050110)
- ယမန်နေ့က ကျရောက်သည့် ၆၂ နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ယခုနှစ်တွင် ရွေးကောက်ပွဲများကို စနစ်တကျ ကျင်းပရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတရပ်

လုံးက မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်"ဟု ပြောကြားကြောင်း အစိုးရသတင်းစာတွင် ဖော်ပြချက်အပေါ် နိုင်ငံရေးသမားများနှင့် လေ့လာသူများက သံသယရှိနေကြသည်။ (Irrawaddy 050110)

- လိုင်းအားမြင့် ရေဒီယို ဆက်သွယ်ရေး စက်များကို မြန်မာနိုင်ငံရှိ စစ်ဘက်ဆိုင်ရာ လုပ်ငန်းများတွင် ဂယ်ယူအသုံးပြုနေကြောင်း ယနေ့ထုတ် သြစတြေးလျအခြေစိုက် Sydney Morning Herald သတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy/ Mizzima 050110)
- မြန်မာစစ်အစိုးရဖက်က တိုင်းရင်းသား အပစ်ရပ်လက်နက်ကိုင်အဖွဲ့များကို နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စအပေါ် ဆက်လက်ဖိအားပေး တောင်းဆိုနေသော်လည်း KIO အဖွဲ့မှ မကြာခင်ရက်ပိုင်းက စစ်အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခဲ့ရာတွင် တိကျသည့် အဖြေမပေးခဲ့ကြောင်း KIO သတင်းရပ်ကွက်မှ ဆိုသည်။ (RFA 050110)
- ဂျပန်နိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများစုစည်းကာ "အလွမ်းများနှင့် ရောဂတီ"ဟု မည်ပေးထားသည့် DVD ရုပ်ရှင်ဇာတ်ကားတစ်ကားကို ရိုက်ကူးနေကြကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်လုပ်ငန်းတွင် အနှစ်နှစ်အလလ ကျင်လည်ခဲ့သည့် ဦးဌေးသစ်က ပြောသည်။ (RFA 050110)
- ရခိုင်ပြည်နယ်တွင် ဘုန်းတော်ကြီးကျောင်း အများဆုံးဖြစ်သော စစ်တွေမြို့တွင် ဆရာတော် တပါးတလေမှ နအဖ စစ်အစိုးရမှ ဆက်ကပ်သည့် သာသနာတော်ဘွဲ့ တံဆိပ်တော်များကို ရရှိခြင်းမရှိဟု ဆိုသည်။ (Narinjara 050110)
- ဂျပန်တွင် ရောက်ရှိနေသော ရခိုင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်း တောင်တန်းဒေသမှ မာရာမလူငယ်များ၏ ချစ်ကြည်ရေး နှီးနှောဖလှယ်ပွဲတစ်ရပ်ကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြုလုပ်ခဲ့ကြသည်။ (Narinjara 050110)
- ကေအဲန်ယူ တပ်မဟာ (၇) အခြေချလှုပ်ရှားလျက်ရှိသော ဒီကေဘီအေ တပ်မဟာ ၉၉၉ တပ်ရင်း (၇)က ၎င်းတို့တပ်စခန်း ပြန်လည်ပြုပြင်ရေးအတွက် ယခုရက်ပိုင်းအတွင်း ဒေသခံရွာသားများကို အလှည့်ကျ ခေါ်ယူခိုင်းစေနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (KIC 050110)
- ကျိုင်းတုံဒေသခံ ဘိုးဘွားပိုင်လယ်မြေ အမြောက်အများကို နေပြည်တော်အမိန့်ဟုဆိုကာ ကျိုင်းတုံမြို့ရှိ မြေတိုင်းဦးစီးမှူးက သိမ်းဆည်းလိုက်ကြောင်း ဒေသခံလယ်သမားတစ်ဦးက ပြောသည်။ (S.H.A.N 050110)
- ဂ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် ထိန်းချုပ်နယ်မြေအတွင်း နယ်ကျွံဝင်ရောက်လာသည့် မိုင်းခတ် အခြေစိုက် ခမရ ၃၂၇ မှ တပ်ကြပ်ကြီးတစ်ဦး အပါအဝင် နအဖ တပ်သား ၆ ဦးအား ဂ တပ်ဖွဲ့မှ ဖမ်းဆီးလိုက်ကြောင်း တရုတ်နယ်စပ် သွားလာသူတစ်ဦးက ပြောသည်။ (S.H.A.N 050110)
- ယမန်နေ့ တရုတ်-မြန်မာနယ်စပ် သျှမ်းပြည် (မြောက်ပိုင်း) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုံရှိ အေးဂျင့်များ ရှောင်တခင် ထိန်းသိမ်းခံလိုက်ရသဖြင့် မိသားစုဝင်များက စိုးရိမ်ပူပန်ခဲ့ကြရကြောင်း နယ်စပ်ကုန်သည်များက ပြောသည်။ (S.H.A.N 050110)
- မွန်ပြည်နယ်တွင် ၂၀၁၀ ဆန့်ကျင်ရေး မှတ်ဆေးကမ်ပိန်း လှုပ်ရှားမှုများကို ယခုလ ၁ ရက်နေ့မှစ၍ ပြုလုပ်နေကြကြောင်း လှုပ်ရှားမှုတွင် မုဒုံမြို့မှ ပါဝင်လုပ်ဆောင်သူတစ်ဦး ပြောသည်။ (DVB 050110)
- ခါးမြတိုက်ခံရ၍ ၁၀ နှစ်ကျော်မျှ ပိတ်ထားသည့် ကရင်နီပြည် ဘောလခဲမြို့ မြို့မဈေးကို ယခုလ ၂ ရက်နေ့က ပြန်လည်ဖွင့်လိုက်ကြောင်း ဒေသခံများက ပြောသည်။ (Kantarawaddy Times 050110)
- ကရင်နီပြည် ဖာဆောင်းမြို့နယ် သာယာဝွင်တွင် အရွယ်အစား မရောက်သေးသည့် သစ်နများကို ခုတ်လဲရောင်းချမှုများ ပြုလုပ်နေသဖြင့် လာမည့်ကာလ မကြာခင်တွင် သဲကန္တာရ ဖြစ်လာနိုင်ကြောင်း သစ်တောလေ့လာသူများက ပြောသည်။ (Kantarawaddy Times 050110)

**ဇန်နဝါရီလ (၆)ရက်**

- ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသရှိ ကျေးရွာများသို့ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လေ့လာခွင့်ကို စစ်အစိုးရက ယခုနှစ်နှစ်ဆန်းပိုင်းမှ စတင်ပိတ်ပင်လိုက်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (NEJ 060110)

**NDD-**မှတ်တမ်းတင်နှင့်သုတေသနဌာန

- မြန်မာပြည်တောင်ပိုင်း တနင်္သာရီတိုင်းရှိ နအဖစစ်တပ်က ရေ့တန်းစစ်မျက်နှာပြင်၌ ရိက္ခာသယ်ရန် ကရင်ရွာသားများကို ပေါ်တာဆွဲရာတွင် မိန်းကလေးငယ်များကိုလည်း ခေါ်ဆောင်နေကြောင်း မွန်လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) က ပြောသည်။ (NEJ 060110)
- ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ရထားလက်မှတ် မှောင်ခိုပပျောက်ရေးအတွက် မှောင်ခိုလုပ်သူကို သတင်းပေးနိုင်ပါက ဆုငွေ ကျပ် (၁) သိန်း ပေးမည်ဟု ကြေညာထားသော်လည်း စစ်ဘက်အရာရှိနှင့် တပ်ဖွဲ့ဝင်များကိုယ်တိုင် မှောင်ခိုထုတ်နေသဖြင့် လက်ပိုက်ကြည့်နေရကြောင်း မန္တလေးဘူတာကြီးမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အရာထမ်းတစ်ဦးက ပြောသည်။ (NEJ 060110)
- ပုဂ္ဂလိက စာပေဆုနှင့် စာမူဆုများသည် ကိုယ်ပိုင်ရွေးချယ်ရေး မူဝါဒ၊ စံတို့ဖြင့် စိစစ်ရွေးချယ်လေ့ရှိသော်လည်း ယခုနှစ်တွင်မူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ယင်းသို့ ရွေးချယ်မှုများကို အဖွဲ့သို့ အသိပေးအကြောင်းကြားပြီးမှသာ လုပ်ဆောင်ရန် သတိပေးလိုက်သည်။ (NEJ 060110)
- တိုင်းရင်းသားလူမျိုးစုများနှင့် စစ်ဆင်ရေးတွင် ဖိနှိပ်ရန် မြန်မာစစ်အစိုးရက တလွဲအသုံးပြုနေသည့် လိုင်းအမြင့် အဆင့်မြင့်ရေဒီယိုများ ရောင်းချပေးနေမှုကို ရပ်တန့်ရန် ဩစတြေးလျ အထက်လွှတ်တော်အမတ်များက နအဖသို့ ဆက်သွယ်ရေးကိရိယာများ ရောင်းချသည့် Barrett ကုမ္ပဏီကို ယနေ့ တောင်းဆိုလိုက်သည်။(NEJ/ Irrawaddy 060110)
- အစိုးရဝန်ထမ်းများ လစာတိုးမြှင့်မည့် သတင်းမထွက်ပေါ်ခင် ဒီဇင်ဘာလ နှောင်းပိုင်းကာလက စစ်ဗိုလ်ချုပ်မိသားစုများနှင့် ဌာနဆိုင်ရာ အရာရှိမိသားစုများသည် ရွှေပိဿာလိုက် ဝယ်ယူစုဆောင်းခဲ့ကြောင်း ရန်ကုန်နှင့် မန္တလေးအခြေစိုက် ရွှေကုန်သည်နှင့် ရွှေသန့်စင်ရေး လုပ်ကိုင်သူများက ပြောသည်။ (Irrawaddy 060110)
- ရန်ကုန်စီးတီး FM ကို ဖမ်းယူနားဆင်သူ လျော့နည်းလာကာ ဆွဲဆောင်မှုရှိသည့် မန္တလေးစီးတီး FM ကို အလွန်လူကြိုက်များလာသည်ဟု ရန်ကုန်မြို့ခံများက ပြောသည်။ (Irrawaddy 060110)
- ရန်ကုန်မြို့ရှိ နိုင်ငံခြားငွေ လဲလှယ်သည့် မှောင်ခိုဈေးကွက်တွင် FEC သည် အမေရိကန် ဒေါ်လာထက် ဈေးနိမ့်ခဲ့ရာမှ ယခုအခါ ၁၅ ကျပ်အထိ ထူးခြားစွာ ဈေးမြင့်တက်သွားသည်။ (Mizzima 060110)
- ကချင်ဘာသာဖြင့် နှစ်စဉ်ထုတ်ဝေလာခဲ့သော "Jinghpaw Mungdaw Nsen" (ဂျိန်းဖောသတင်းစာ) စာစောင်ကို ယခုနှစ်တွင် အစိုးရတပ်က ဦးဆောင် တည်းဖြတ်မှုများ ပြုလုပ်နေသည်။ (Mizzima 060110)
- ၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်း နအဖတပ်နှင့် ဦးဖုန်ကျားရှင်းဦးဆောင်သည့် ကိုးကန့်တပ်ဖွဲ့များ နစ်ဖက် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ၎င်းဒေသရှိ စီးပွားရေးလုပ်ငန်းရှင်နှင့် ဝလူမျိုးအချို့သည် ထိုင်း-မြန်မာနယ်စပ် တာချီလိတ်သို့ ပြောင်းရွှေ့အခြေချလာသဖြင့် အိမ်မြံခြံမြေ ဈေးနှုန်းများ မြင့်တက်သွားသည်။ (RFA 060110)
- မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် ဆိုင်သည့် အင်တာနက် ဘလော့ဂ် Blog စာမျက်နှာများကို ဖတ်ရှုခြင်း ဘလော့ဂ်ပေါ်၌ စာရေးသားခြင်း မပြုနိုင်အောင် စစ်အစိုးရက ယနေ့တွင် ထပ်မံပိတ်ဆို့လိုက်သဖြင့် အင်တာနက်သုံးစွဲသူများ မကျေမနပ်ဖြစ်နေကြသည်။ (RFA 060110)
- စစ်တွေမြို့ သချိုင်းကို စစ်တွေလူထု သဘောထားမပါဘဲ စစ်အာဏာပိုင်များက မန်ဇီအရပ်သို့ ယခုလ ၁ ရက်နေ့က ပြောင်းရွှေ့လိုက်သည်။ (Narinjara 060110)
- မွန်လက်နက်ကိုင်အဖွဲ့သစ်တစ်ဖွဲ့ ထပ်မံဖွဲ့စည်းခဲ့သူများအပေါ် သဘောထားချက်ကို မွန်ပြည်သစ်ပါတီက မိခင်ပါတီသို့ ပြန်လာကြရန် ယခုလ ၁ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (Kaowao 060110)
- ရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အရှေ့ခြမ်း ထီဖိုးသန်ကျေးရွာနှင့် သမိန်ဒွတ်ကျေးရွာနေ ရွာသားများသည် နအဖတပ် ခမရ (၃၅၇) က စစ်ကြောင်းမှူး ဗိုလ်မှူးသန်းထွန်းအောင်က ရွာအပြင် တောင်ယာနှင့်လယ်ယာ လုပ်ငန်းခွင်တွင် နေထိုင်ခွင့်မပေးတော့ဘဲ ယခုလ (၁၅) ရက်နေ့တွင် နောက်ဆုံးထား၍ ရွာသို့ ပြန်လာကြရန် အမိန့်ထုတ်ထားကြောင်း ဒေသခံများက ပြောသည်။ (Kaowao 060110)
- မြန်မာပြည်တွင်းနှင့် နယ်စပ်တွင် အတိဒုက္ခရောက်နေသော ကရင်ကလေးနှင့် အမျိုးသမီးများအတွက် အကူအညီပေးနိုင်ရေး ရန်ပုံငွေရှာသည့် ဂီတဖျော်ဖြေပွဲတစ်ရပ်ကို ယမန်နေ့ညက ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် ပြုလုပ်ခဲ့ရာ နာမည်ကြီးကရင်အဆိုတော်များ လာရောက်သီဆိုပေးခဲ့ကြသည်။ (KIC 060110)

- လွန်ခဲ့သည့် ဒီဇင်လာလ ၃၀ ရက်နေ့က အလုပ်အကိုင်ရှာဖွေရေး အေးဂျင့်လိမ်လည်မှုကြောင့် အလုပ်လုပ်ခွင့် သက်တမ်း (၆) လပြည့်သည့် အချိန်တွင် စင်္ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမား ၁၀၀ နီးပါး မြန်မာပြည်သို့ ပြန်ပို့ခံရကြောင်း ပြန်ပို့ခံရသူ ကာယကံရှင်တစ်ဦးက ပြောသည်။ (Yoma3 060110)
- လွန်ခဲ့သည့်လမှစ၍ သာယာဝတီနယ်အတွင်း ရေမြုပ်ဧရိယာ သစ်တောကြိုးဝိုင်းအတွင်း သစ်မာ တန် ၁၀၀ ခန့် သက်ဆိုင်ရာအာဏာပိုင်များက ခုတ်ခွင့်ပေးထားသော်လည်း အခြားဧရိယာများမှ သစ်များအပြင် အဖိုးတန်ကျွန်းသစ်များကိုပါ ခုတ်ယူနေရာတွင် အာဏာပိုင်များ ပါဝင်ပတ်သက်နေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (Yoma3 060110)
- မြန်မာအာဏာပိုင်များက ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲလုပ်ပေးမည်ဟု ကြေညာခဲ့သော်လည်း အများယုံကြည် လက်ခံနိုင်သည့် ရွေးကောက်ပွဲဖြစ်ရန် အခြေအနေကို စောင့်ကြည့် အကဲဖြတ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ (VOA 060110)
- ဂျော်ဒန်နိုင်ငံတွင် Century Miracle Jordan (CMJ) အထည်စက်ရုံ ကုမ္ပဏီတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာအလုပ်သမားများနှင့် ဘင်္ဂလားဒေ့ရှ် အလုပ်သမားများအကြား ယမန်နေ့က ပဋိပက္ခ ဖြစ်ပွားခဲ့ရာ ကုမ္ပဏီတာဝန်ရှိသူများက မြန်မာအလုပ်သမားများကို ကုမ္ပဏီက လျော်ကြေးပေး၍ မြန်မာပြည်သို့ပြန်ပို့ရန် ဆုံးဖြတ်လိုက်သဖြင့် မြန်မာအလုပ်သမားများ အခက်အခဲ ဖြစ်နေကြသည်။ (VOA 060110)
- ပြည်ပအခြေစိုက် DVB သတင်းဌာနအတွက် အလွတ်သတင်းထောက် လုပ်နေသည့် မလှလှဝင်းသည် နအဖအာဏာပိုင်များက နှစ်ရှည်ထောင်ဒဏ်ချမှတ်လိုက်သဖြင့် နယ်စည်းမခြား သတင်းသမားအဖွဲ့ (RSF) နှင့် မြန်မာ သတင်းသမဂ္ဂ (BMA) တို့က ပြစ်တင်ဝေဖန်လိုက်သည်။ (VOA 060110)
- အရွယ်မရောက်သေးသည့် ကလေးများကို စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေးသင်တန်းများ စစ်အစိုးရကပြုလုပ်ခဲ့သော်လည်း စစ်သားစုဆောင်းရေးတပ် တာဝန်ရှိသူများကိုယ်တိုင် အသက်မပြည့်သေးသည့် ကလေးများကို စစ်သားအဖြစ် စုဆောင်းနေဆဲဖြစ်သည်။ (DVB 060110)
- ၂၀၁၀ ရွေးကောက်ပွဲ အပါအဝင် လက်ရှိနိုင်ငံရေးအခြေများ ဆွေးနွေးနိုင်ရေးအတွက် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသော ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီခေါင်းဆောင်များ ဖြစ်ကြသည့် ဦးခွန်ထွန်းဦးနှင့် ဦးစိုင်းညွှတ်လွင်တို့နှင့် တွေ့ခွင့်ပေးရန် ပါတီအတွင်းရေးမှူးအဖွဲ့က နအဖ အာဏာပိုင်များကို တောင်းဆိုလိုက်သည်။
(DVB/ S.H.A.N 060110)
- ယမန်နေ့က ဗြိတိသျှပါလီမန်တွင် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ဖြစ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လူ့အခွင့်အရေးပြဿနာများကို ဆွေးနွေးသည့် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ (DVB 060110)
- မြန်မာစစ်အစိုးရ ပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအစီအစဉ်ကို ထောက်ခံကြောင်း စစ်အစိုးရနှင့် တွေ့ဆုံခဲ့ဖူးသူ အမေရိကန် အထက်လွှတ်တော်အမတ် Mr. Jim Webb က ယခုလ ၄ ရက်နေ့က ပြောကြားခဲ့သည်။ (DVB 060110)

## ဇန်နဝါရီလ (၇)ရက်

- မြန်မာစစ်စိုးရက နော်ဝေးအခြေစိုက် ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) သတင်းထောက် မလှလှဝင်းကို ထောင်ဒဏ် (၂၇) နှစ် ချမှတ်လိုက်ခြင်းသည် ၂၀၁၀ ရွေးကောက်ပွဲကာလအတွင်း သတင်းရယူခွင့်ကို ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်ဟု ဂါရင့်သတင်းစာဆရာကြီး ဦးဝင်းတင်က ပြောသည်။ (NEJ 070110)
- ထိုင်း-မြန်မာနယ်စပ် ဒုက္ခသည်စခန်းများရှိ အမျိုးသမီးနှင့် ကလေးငယ်များအား နှိပ်စက်ညှင်းပန်းမှုများကို အကာအကွယ်ပေးရန် ထိုင်းနိုင်ငံ ဥပဒေကြောင်းအရ၊ အပြစ်ပေး၊ အရေးယူမှုများ အောင်မြင်မှုရရှိလာကြောင်း ယင်းအမှုကို လိုက်လံဖြေရှင်းပေးနေသည့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့ (အိုင်အာစီ)က ပြောကြားလိုက်သည်။
(NEJ 070110)
- မြန်မာနိုင်ငံတွင် GSM နှင့် CDMA ဖုန်းခေဆိုခနှုန်းထားများ (၂) ဆ မြင့်တက်သွားခြင်းကြောင့် GSM နှင့် CDMA မိုဘိုင်းဖုန်း ရောင်းဝယ်ငွေးဈေးကွက် ထိုးကျသွားကြောင်း ဖုန်း ရောင်းဝယ်ပေးလုပ်သည့် အကျိုးဆောင်များက ပြောသည်။ (NEJ 070110)

- ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော် မနောပွဲ ကျင်းပနေသည့် မြစ်ကြီးနားမြို့ မနောကွင်းအတွင်း လုံခြုံရေးများ ယခင်နှစ်ကထက် ပိုမိုချထားကြောင်း မြို့ခံများက ပြောသည်။ (NEJ 070110)
- အဲပုဂံလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံမှ ချင်းမိုင်သို့ စတင်ပျံသန်းသော ဇန်နဂါရီ (၇) ရက်၊ ယနေ့တွင် ချင်းမိုင်သို့ လိုက်ပါသူ ခရီးသည် (၃၀) ဦးခန့်သာ ရှိသည့်အတွက် လိုက်ပါသည့်ခရီးသည် သုံးပုံတစ်ပုံသာရှိကြောင်း အဲပုဂံလေယာဉ်လက်မှတ်အရောင်းဌာနမှ ဆိုသည်။ (NEJ 070110)
- စစ်အစိုးရ၏ လျှို့ဝှက်သတင်းများ ပေါက်ကြားမှုကြောင့် ထိန်းသိမ်းထားသည့် စစ်တပ်အရာရှိဟောင်း ဗိုလ်မှူးဝင်းနိုင်ကျော်ကို အင်းစိန်ထောင် တရားရုံးတွင် ယနေ့ သေဒဏ်နှင့် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်လိုက်ကြောင်း စစ်တပ်အသိုင်းအဝိုင်းက ပြောသည်။ (Irrawaddy 070110)
- မွန်ပြည်နယ်အတွင်း စိုက်ထူထားသည့် ယခုလ ၃၀ ရက်နေ့တွင် ကျရောက်သော ၆၃ ကြိမ်မြောက် မွန်အမျိုးသားနေ့ ကြော်ငြာဆိုင်းဘုတ်များ၌ပါရှိသည့် မြန်မာဘာသာကို စစ်အစိုးရအာဏာပိုင်များက ပယ်ဖျက်ပေးရန် အမိန့်ပေးညွှန်ကြားလိုက်သည်ဟု မွန်အသိုင်းအဝိုင်းက ပြောသည်။ (Irrawaddy 070110)
- နယ်ခြားစောင့်တပ်ဖွဲ့ရေးကို ငြင်းဆိုနေသည့် အပစ်ရပ် ငြိမ်းချမ်းရေးအဖွဲ့ဖြစ်သည့် ဂတပ်ဖွဲ့ဆီကို စစ်ဖက်ဆိုင်ရာလုံခြုံရေးအဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ရဲမြင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယခုလ ၅ ရက်နေ့က စည်းရုံးသွားကြောင်း ဂအရာရှိတစ်ဦးက ပြောသည်။ (DVB 070110)
- အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာသည်အထိ ဆက်၍ လှုပ်ရှားစည်းရုံးသွားမည်ဟု ဦးအေးလွင်ဦးဆောင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အင်အားစုက ပြောကြားလိုက်သည်။ (DVB 070110)
- မြန်မာပြည်က ဧည့်လမ်းညွှန် ဆယ်ပုံတစ်ပုံနီးပါးကို မြန်မာ့ခရီးသွားလုပ်ငန်းက ဧည့်လမ်းညွှန်လိုင်စင်များ ရုတ်သိမ်းလိုက်သည်။ (DVB 070110)
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်လာရေးအတွက် ရည်ရွယ်ကာ ကမ္ဘာတလွှားက မြန်မာ့အရေးလှုပ်ရှားသူများမှ နေကြာပင်စိုက်ကာ လှုံ့ဆော်တောင်းဆိုသည့် လှုပ်ရှားမှုတစ်ကို ၂၀၀၉ ခုနှစ်ကုန်ပိုင်းမှစ၍ လုပ်ဆောင်နေကြသည်။ (RFA 070110)
- မြစ်ကြီးနားထောင်တွင် ထောင်ဒဏ်ကျခံနေရသည့် နိုင်ငံရေးကျဥ်းသားများသည် ယခုလ ၄ ရက်နေ့က ကျရောက်သည့် ၆၂ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားလုပ်ရန် ကြိုးပမ်းခဲ့ရာ ထောင်အာဏာပိုင်များ သိသွားသဖြင့် အစီအစဉ်ပျက်သွားခဲ့သည်။ (RFA 070110)
- မြန်မာစစ်အစိုးရသည် ယခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ မရိုးမသား လုပ်ဆောင်နေကြောင်း ထိုင်းနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ယနေ့ထုတ်ဝေသည့် The Nation သတင်းစာ ဘယ်ဒီတာ့အာဘော်တွင်ရေးသားဖော်ပြထားသည်။ (RFA 070110)
- သျှမ်းပြည်အရှေ့ပိုင်းထွက် ကျောင်းမီးသွေးစွမ်းအင်သုံး လျှပ်စစ်မီးထုတ်လုပ်ရေး စက်ရုံတည်ဆောက်ရန် မြန်မာ့စီးပွားရေးဦးပိုင်က ထိုင်းအမျိုးသားများနှင့်အတူ ဒီဇင်ဘာလနှောင်းပိုင်း၌ ကွင်းဆင်းကြည့်ရှုခဲ့သည်။ (S.H.A.N 070110)
- သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်မြို့နယ် ကြံ့ဖွံ့အတွင်းရေးမှူး စိုင်းအိုက်အေးသည် ၆၂ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတက်နေစဉ် ရုတ်တရက် သေဆုံးသွားခဲ့သည်။ (S.H.A.N 070110)
- သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်မြို့နယ် အထက်တန်းရှေ့နေ ရွှေလီမောင်မောင် (ခ) ဦးတင်ထွန်းသည် အမှုသည်ထံမှ ကျပ်သိန်း ၂၄၀ လိမ်ယူခဲ့သည့် တိုင်ကြားချက်ကို မူဆယ်ခရိုင်တရားရုံး၌ ယခုလဆန်းပိုင်းက စတင်စစ်ဆေးခဲ့သည်။ (S.H.A.N 070110)

**ဇန်နဂါရီလ (၈)ရက်**

- ယခုလ ၃၀ ရက်နေ့တွင် ကျရောက်မည့် (၆၃) ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာပါ စာသားများအား နအဖအာဏာပိုင်များက ဖြတ်ခိုင်းခြင်းသည် တိုင်းရင်းသားများ. အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လျစ်လျူရှုလိုက်ခြင်းဖြစ်ကြောင်း ဂါရင့်မွန်နိုင်ငံရေးသမားတစ်ဦးက ပြောသည်။ (NEJ 080110)

- ပြည်ပသင်္ဘောသားအဖြစ် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်များ (စီဒီစီ) ထုတ်ပေးရန် နည်းဥပဒေ မရှိတော့ခြင်းကြောင့် လက်ရှိသင်္ဘောသားလက်မှတ် ထုတ်ပေးနိုင်ခြင်းမရှိကြောင်း မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဝန်ထမ်းများက ပြောသည်။ (NEJ 080110)
- ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငမြို့တွင် တည်ဆောက်ဆဲ တံတားတစ်ခုအတွက် လူဦးခေါင်း ၁၀၀ ကို ဖြတ်၍ ယဇ်ပူဇော်မည်ဟူသော ကောလဟာလကြောင့် လုပ်ငန်းခွင်သို့ သွားရောက်ရန် စိုးရွံ့နေကြသည်ဟု ၎င်းဒေသ၌ အလုပ်လုပ်နေကြသည့် မြန်မာအလုပ်သမားများက ပြောသည်။ (Irrawaddy 080110)
- အမျိုးသမီးလူ့ရှင်တော်များ ပါဝင်ကပြသည့် ချိုးလေးပြာအငြိမ့်ကို မြန်မာ့အမျိုးသမီး သမဂ္ဂ (BWU) ၁၅ နှစ်ပြည့် အခမ်းအနားတွင် တင်ဆက်ခဲ့ရာ တက်ရောက်သူများ နှစ်နှစ်ခြိုက်ခြိုက်အားပေးကြသည်။ (Irrawaddy 080110)
- ရန်ကုန်မြို့ လှိုင်သာယာ စက်မှုဇုန် ၂ ရှိ ပုစွန် အအေးခန်း စက်ရုံတရုံတွင် ယမန်နေ့က အမျိုးသမီး ၁၀၀ ခန့် ဦးဆောင်၍ အချက် ၁၀ ချက်ပါသော အလုပ်သမား အခွင့်အရေးများကို ဆန္ဒပြတောင်းဆိုခဲ့ကြသည်ဟု စက်ရုံအလုပ်သမားများနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 080110)
- မန္တလေး အိုးဖိုထောင်တွင် ၃ လခန့် အချုပ်ခံထားရသည့် မန္တလေးတိုင်း မြို့နယ် ၃ မြို့နယ်မှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁၅ ဦးကို ထောင်တွင်း တရားရုံးက လွန်ခဲ့သည့်လ ၃၀ ရက်နေ့တွင် အနိမ့်ဆုံး ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် ၂ နှစ်မှ အမြင့်ဆုံး ၇၁ နှစ်အထိ အသီးသီး ချမှတ်ခဲ့သည်။ (Mizzima 080110)
- ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် လယ်များပိုးကျသော်လည်း စိုက်ပျိုးရေးဝန်ကြီးဌာနက ကွင်းဆင်း ဆောင်ရွက်ပေးခြင်း မရှိသကဲ့သို့ ပိုးသတ်ဆေးလည်း အလွန်ဈေးကြီးနေသဖြင့် ဝယ်ယူမသုံးနိုင်ကြကြောင်း လယ်သမားများက ပြောသည်။ (DVB 080110)
- ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO နှင့်ဆက်စပ်၍ ဖမ်းဆီးထောင်ချခံနေရသည့် အောင်လံမြို့နယ် လယ်သမား ၁၂ ဦး၏ အမှုတွဲကို နေပြည်တော် တရားရုံးက ယမန်နေ့က တောင်းယူခဲ့ကြောင်း လယ်သမားမိသားစုဝင်များနှင့် ရှေ့နေများက ပြောသည်။ (DVB 080110)
- ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ကျင်းပနေသည့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းထဲကို လက်နက်ယူဆောင်ခွင့်၊ ယူနီဖောင်းဝတ်ခွင့် ပိတ်ပင်ခံထားရသည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) က လက်နက်နှင့်အတူဝင်ရောက်ခဲ့သဖြင့် နှစ်ဖက်အခြေအတင် ဖြစ်ခဲ့သည်။ (DVB 080110)
- နအဖအစိုးရက ရွေးကောက်ပွဲကို လာမည့်အောက်တိုဘာလတွင် ကျင်းပမည်ဟု စစ်အစိုးရသတင်းရင်းမြစ်ကို ကိုးကား၍ ဂျပန်အခြေစိုက် အဆာဟိရှင်ဘွန်း သတင်းစာက ဖော်ပြထားသည်။ (DVB 080110)
- အရပ်ဖက်ဝန်ထမ်း အရာထမ်းများကို ဇန်နဝါရီလမှစ၍ လစာသစ် ကျပ်ငွေ နှစ်သောင်းစီ တိုးပေးရာတွင် လက်ရှိလစာ ကျပ်တစ်သောင်းခွဲရသည့် အောက်ခြေဝန်ထမ်းမှစကာ ကျပ်ငွေ တစ်သိန်းကိုးသောင်းရသည့် အမြင့်ဆုံးအဆင့်အထိ တိုးပေးထားကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အမိန့်စာတွင် ဖော်ပြထားသည်။ (RFA 080110)
- ရွေးကောက်ပွဲ မကျင်းပမီ အချိန်ထိ အခွန်ငွေကျပ် သိန်း ၆ ထောင် ကောက်ခံပေးရန် မန္တလေးတိုင်း ယာဉ်ထိန်းရဲဌာနကို စစ်အစိုးရ နေပြည်တော်အာဏာပိုင်များက ညွှန်ကြားထားကြောင်း မန္တလေးမြို့ခံများက ပြောသည်။ (RFA 080110)
- ရန်ကုန်တိုင်း တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းက လယ်သမား ၂၀ ကျော်ဟာ ဒေသခံ အာဏာပိုင်များက လယ်သိမ်းယူမှု ခံရသည့်နောက်ပိုင်း ပိုင်နက်ကျူးလွန်မှုနဲ့ တရားရုံးတွင် ရင်ဆိုင်နေရသည့်အပြင် အမှုချိန်းမှန်မှန်မတက်ပါက ထပ်အရေးယူမည်ဖြစ်ကြောင်း အာဏာပိုင်များက ခြိမ်းခြောက်နေသည်။ (RFA 080110)
- မြန်မာစစ်အစိုးရအနေနှင့် ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို တိတိကျကျကြေညာလိမ့်မည်ဟု မျှော်လင့်ကြောင်းနှင့် ၎င်းအခြေအနေပေါ်တွင် စစ်အစိုးရနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကာ မျက်ခြေမပြတ် စောင့်ကြည့်သွားမည်ဟု ဥရောပသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပြောကြားလိုက်သည်။ (RFA 080110)
- မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်များသည် ယနေ့တွင် စစ်တကောင်းမြို့တွင် တွေ့ဆုံကာ ရေပြင်ပိုင်နက် အငြင်းအပွားမှုကို စတင်ဆွေးနွေးခဲ့ကြသည်။ (Narinjara 080110)

- ရခိုင်ပြည်နယ် တောင်ကုတ် အခြေစိုက် စကခ ၅ မှ တပ်ရင်း ၆ ရင်းသည် ထိုင်း-မြန်မာနယ်စပ် ရှေ့တန်းမှ ၎င်းတို့ အခြေစိုက်ရာ ရခိုင်ပြည်နယ်ရှိ အနောက်တန်းတပ်ရင်းများသို့ မကြာသေးမီက ပြန်လည်ရှိလာသည်။ (Narinjara 080110)
- ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် NLD အမတ် ဦးမောင်ကြွင်းအောင်၏ ဇာတိကျေးရွာသို့ ရဲအထူးတပ်ဖွဲ့ တစ်ဖွဲ့ ရောက်ရှိလာကာ ဦးမောင်ကြွင်း၏ ဆွေမျိုးများအားလုံးကို ဓါတ်ပုံရိုက်ယူသွားကြောင်း အမည်မဖော်လိုသည့် ရွာသား တစ်ဦးက ပြောသည်။ (Narinjara 080110)

**ဇန်နဝါရီလ (၉)ရက်**

- ပခူးတိုင်း ဒိုက်ဦးမြို့နယ်ရှိ ကောလိယဆည်ရေကို အမှီပြုရသည့် ပွဲတမော့၊ ရှမ်း၊ ရာဇတ်ကွင်း စသည့်ရွာ ၂၀ ကျော်က တောင်သူများကို စီမံကိန်းသီးနံအဖြစ် စပါး မစိုက်မနေရဆိုကာ မယက ဥက္ကဌက ညွှန်ကြားခဲ့သည်။ (RFA 090110)
- လုံခြုံရေးထူထပ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၆၂ ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် မနောပွဲကျင်းပနေ သည့်အချိန်တွင် AKSU ကချင်ကျောင်းသားများသမဂ္ဂအဖွဲ့က စစ်အစိုးရဆန့်ကျင်ရေး ပိုစတာကပ် လှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ကြသည်။ (RFA 090110)
- မြန်မာနှင့်နယ်စပ် အရေးဆွေးနွေးရန်အတွက် ဘင်္ဂလားဒေ့ရှ် ရိုင်ဖယ် (BDR) ညွှန်ချုပ်သည် ယနေ့တွင် မြန်မာနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။ (Narinjara 090110)
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုံမြို့နယ် မဲကင်ကျေးရွာအုပ်စု လယ်သမားများထံ ဒေသခံ နအဖ စစ်တပ်က စပါးဈေးနှိမ် ဝယ်၍ လက်ရှိပေါက်ဈေးဖြင့် အဓမ္မ ပြန်ရောင်းရငွေအတွက် အမိန့်ဆင်ဆိုလိုက်သည်ဟု ထိုင်းနယ်စပ်သတင်းရပ် ကွက်မှ ဆိုသည်။ (S.H.A.N 090110)

**ဇန်နဝါရီလ (၁၀)ရက်**

- မြို့နယ်အတွင်း ဘာသာရေး အလှူအတန်းလုပ်ရန် ပြင်ဆင်ထားမှုကို ဒေသခံဘာသာရေး အာဏာပိုင်များက မပါဝင် ရန် ကန့်သတ်ပိတ်ပင်ခဲ့မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်း အလုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နေပြည်တော် ကို ယမန်နေ့က တိုင်ကြားစာတစ်စောင် ပေးပို့ခဲ့သည်။ (RFA 090110)
- ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ခံ ကြယ်ငါးပွင့် သင်္ဘောလိုင်းက သင်္ဘောသား အရာထမ်း ၅၀ ကျော်သည် မတရား အရေးယူခံရသည်ဟုဆိုကာ မကျေမနပ် ဖြစ်နေကြသည်။ (DVB 100110)
- မြန်မာနိုင်ငံသို့ ပြန်ပို့မည့် သတင်းကြောင့် ဘင်္ဂလားဒေ့ရှ်ရှိ မြန်မာမူဆလင် ဒုက္ခသည်စခန်းများတွင် နေထိုင်သည့် အသက်မပြည့်သူ အမျိုးသမီးငယ်များ၏ လက်ထပ်မှုနှုန်း ပိုမိုတိုးပွားလာခဲ့သည်။ (Narinjara 100110)

**ဇန်နဝါရီလ (၁၁)ရက်**

- မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင် မိခင်လောင်းအားလုံး (၃၂) ရာခိုင်နှုန်းသည် အကူအညီမဲ့ မီးဖွားနေကြကြောင်း ဒေါက်တာပိုင်စိုးက ယခုလ (၉) ရက်နေ့ထုတ် စစ်အစိုးရ၏ မြန်မာ့အလင်းသတင်းစာမှတဆင့် ရေးသားဖော်ပြထား သည်။ (NEJ 110110)
- မြန်မာစစ်အစိုးရက ပြည်တွင်း၌ ဒေါ်လာအစား သုံးစွဲရန် ထုတ်ဝေထားသည့် FEC ငွေစက္ကူများသည် အမေရိကန် ဒေါ်လာငွေ ပေါက်ဈေးနှင့် နှိုင်းယှဉ်လျှင် မကြုံစဖူး တန်ဖိုးမြင့်တက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ ဆိုသည်။ (NEJ 110110)
- ဗုဒ္ဓဘာသာဝင်တိုင်း၏ ဆုံးရပ်အဖြစ် ဘာသာရေးဆိုင်ရာ အတွေးအခေါ် အယူအဆများကို တနေရာတည်းတွင် အလွယ်ကူ ရှာဖွေနိုင်ရန် ရည်ရွယ်၏ FM Online ရေဒီယိုအတွက် ကိုယ်ပိုင်ဝက်ဘ်ဆိုက်အသစ်များဖြင့် ယနေ့မှစ၍ စတင်အသုံးလွှင့်နေပြီဖြစ်ကြောင်း တည်ထောင်သူ အရှင်မေတ္တာစာရက မိန့်ကြားသည်။ (NEJ 110110)

- မဲဆောက်မြို့ ကမ်းနားပိုင်း MOEI ကုမ္ပဏီလီမိတက် သိုးမွေးစက်ရုံမှ အလုပ်သမား ကိုသားကြီး (၂၉) နှစ်သည် ယခု လ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် အမည်မသိ သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ညဘက်တွင် မဲဆောက် ဆေးရုံကြီး**၌** သေဆုံးသွားသည်။ (NEJ 110110)
- ယမန်နေ့က ပြုလုပ်သည့် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်ခြင်းမရှိခဲ့သည့်အပေါ် စစ်အစိုးရက ၎င်းတို့၏ သမိုင်းဝင်နေ့ကို အလေးထားခြင်းမရှိကြောင်း ကချင်တိုင်း ရင်းသားများက ယူဆနေကြသည်။ (Irrawaddy 110110)
- ပြည်ပမှ တင်သွင်းလာသည့် ကားနှင့် စက်ယန္တရားများအပေါ် အခွန်ဦးစီးဌာနက ယခုလ ၁ ရက်နေ့မှစ၍ ယခင်ထက် ၂ ဆကျော် တိုးမြှင့်ကောက်ခံနေသည်။ (Irrawaddy 110110)
- မြန်မာနိုင်ငံ၏ တတိယ နိုင်ငံရေးအင်အားစုဟု လူသိများသည့် ပြည်တွင်းနိုင်ငံရေး အဖွဲ့အစည်းနှင့် ရွေးကောက်ပွဲ ဝင်ရောက်ရေးကြိုးပမ်းနေသည့်များက ၂၀၁၀ ပြည့်နှစ်အတွင်း စစ်အစိုးရက ကျင်းပမည့် ရွေးကောက်ပွဲကိုဝင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ထိုင်းနိုင်ငံထုတ် The Bangkok Post သတင်းစာတွင် ယမန်နေ့က ဖော်ပြထားသည်။ (RFA 110110)
- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ အမှတ် (၁) ဆိပ်ခံ တံတားတွင် တရုတ်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် စစ်အစိုးရမှ တံတားကို တိုးချဲ့ တည်ဆောက်နေသည်။ (Narinjara 110110)
- ဘင်္ဂလားဒေ့ရှ်-မြန်မာ-အိန္ဒိယ ၃ နိုင်ငံ နယ်စပ်တွင် အခြေစိုက် လှုပ်ရှားလျက်ရှိသော ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ၏ တတိယအကြိမ် ညီလာခံက နအဖ စစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို ကန့်ကွက်သွား မည်ဟု ပြောကြားလိုက်သည်။ (Mizzima 110110)
- မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လုပ်သင့်သည်ဟု မြန်မာ့စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က ယခု ၉ ရက်နေ့ စာနယ်ဇင်း ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ (Mizzima 110110)
- ရန်ကုန်တိုင်း သုဝဏ္ဏမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းတွင် ယမန်နေ့ညက မီးလောင်ခဲ့သဖြင့် အနည်း ဆုံး နေအိမ် ၄ လုံး မီးလောင်ကျွမ်းခဲ့ကာ ကျပ် ၁၅ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဌာနက ပြောသည်။ (Mizzima 110110)
- နာဂစ်မုတ်တိုင်းသင့်ခဲ့သည့် မြစ်ဝကျွန်းပေါ် ဒေသသို့ ဂန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယခုလ ၉ ရက်နေ့က သွားရောက် စစ်ဆေးခဲ့သည်။ (Mizzima 110110)
- ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုများက ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန်အတွက် မြို့တော်တိုကျိုတွင် ယနေ့ ချီတက်ဆန္ဒပြခဲ့ကြသည်။ (Mizzima 110110)
- ယခုလဆန်းမှစ၍ လစာများ တိုးပေးလိုက်ခြင်းသည် ဆင်းရဲကျပ်တည်းနေသည့် တပ်မတော်သားနှင့် အလုပ်သမားထု များမှ အုံကြွလာမည်ကို စိုးရိမ်နေကြောင်း FTUB အလုပ်သမားသမဂ္ဂ အဖွဲ့ချုပ်က ပြောကြားလိုက်သည်။ (DVB 110110)
- ပဲခူးတိုင်း သုံးဆယ်မြို့တွင် ရဲနှင့် ယရက အချင်းချင်းပွဲခင်းတွင် အခင်းဖြစ်ပွားခဲ့ကာ ရဲက ဂတ္တရားနောင့်ယှက်မှုဖြင့် တိုင်ချက်ဖွင့်ခဲ့သဖြင့် ရယက အဖွဲ့ဝင်များက ထောင်ဒဏ် ၂ နှစ်မှ ၄ နှစ်အထိ စီရင်ချက် ချမှတ်ခံလိုက်ရသည်။ (DVB 110110)
- ရန်ကုန်မြို့ အင်းစိန်ဈေးကြီး ၁ နှင့် ၂ ဈေးရုံကြားတွင် ရောင်းချနေသည့် ပုံကျဈေး ဆိုင်ပိုင်ရှင်များကို အင်းစိန်မြို့နယ် ကြံ့ဖွံ့အသင်းမဝင်ဟုဆိုကာ စည်ပင်သာယာရေးက ဈေးရောင်းချခွင့် ပိတ်ပင်လိုက်သည်ဟု ဈေးသည်များက ပြော သည်။ (DVB 110110)
- နှစ်ဆန်း တစ်ရက်နေ့မှစ၍ မိုင်းလားတပ်ဖွဲ့ ထိန်းချုပ်နယ်မြေအတွင်း မိုင်းယန်း နအဖ-လဝက ဂန်ထမ်းအဖွဲ့မှ နိုင်ငံသား စိစစ်ရေးကဒ်ပြားအတွက် ကွင်းဆင်းလုပ်ပေးကာ စည်းရုံးရေးဆင်းနေသည်ဟု နယ်စပ်သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 110110)

**ဇန်နဝါရီလ (၁၂)ရက်**

- ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့ ရွှေ့ပြောင်းမြန်မာကျောင်းများရှိ ကျောင်းသားများအတွက် လူငယ်ညာပေးဆိုင်ရာ အထွေထွေဗဟုသုတများ ပါရှိသည့် FM 99.75 လိုင်းကို ရွှေ့ပြောင်းမြန်မာကျောင်းသားများ အထူးနှစ်သက်ကြသည်ဟု ဆိုသည်။ (NEJ 120110)
- မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိပ္ပံနှင့်ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက ယမန်နေ့က ပြောကြားလိုက်သည်။ (NEJ 120110)
- နအဖစစ်အစိုးရ၏ ရုရှနှင့် မြောက်ကိုရီးယားခရီးစဉ် လျှို့ဝှက်မှတ်တမ်းများ၊ လျှို့ဝှက်စီမံကိန်းများ ပေါက်ကြားခဲ့ပြီးနောက် စစ်အစိုးရက သတင်းအချက်အလက် လုံခြုံရေးအတွက် အွန်လိုင်းလုံခြုံရေး သက်သေခံလက်မှတ်စနစ် အသုံးပြုရန် အပူတပြင်း စီစဉ်နေသည်။ (NEJ 120110)
- နိုင်ငံတော် လျှို့ဝှက်ချက် ပေါက်ကြားမှုဖြင့် ယခုလ (၇) ရက်တွင် မြန်မာစစ်အစိုးရ၏ သေဒဏ်ချမှတ်ခြင်း ခံခဲ့ရသည့် အဆင့်မြင့် နိုင်ငံဝန်ထမ်း (၂) ဦးကို နစ်သစ်အခါသမယဥ္ဇ အမြန်ဆုံးပြန်လွှတ်ပေးရန် မြန်မာ့နိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီးက တောင်းဆိုလိုက်သည်။ (NEJ 120110)
- အငြင်းပွားနေသည့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်ကိစ္စကို ကြားနာစစ်ဆေးရန်အတွက် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေပိုင်နက် ခုံရုံးဥက္ကဌက အမှုစ၍ တင်ပြရမည့်အချိန် ယခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် သတ်မှတ်ပေးလိုက်သည်။ (Irrawaddy 120110)
- စစ်အစိုးရနှင့် နီးစပ်သည့် စီးပွားရေး လုပ်ငန်းရှင်ကြီးများ ဖြစ်သည့် ဦးတေဇနှင့် ဦးဇော်ဇော်တို့အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဖွဲ့ဖြစ်သည့် သီရိပျံချီ ဘွဲ့တံဆိပ်ကို ၆၂ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် စစ်အစိုးရမှ ချီးမြှင့်ခဲ့သည်။ (Irrawaddy 120110)
- နာဂစ်မုန်တိုင်းကြောင့် အထိနာခဲ့၍ နိုင်ငံတကာ အဖွဲ့များက ထောင်သောင်းချီသော လယ်သမားများကို ကူညီနေရချိန်တွင် မြန်မာ့ထိပ်တန်းစီးပွားရေး ပညာရှင်တစ်ဦးက မြန်မာနိုင်ငံကို ဆန်အဓိက တင်ပို့သည့် နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်သည်။ (Irrawaddy 120110)
- ဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့နေများ ယနေ့ ထပ်မံတွေ့ဆုံရာတွင် နေအိမ်ပြင်ဆင်ခွင့်နှင့် အယူခံအတွက် ပြစ်မှုဆိုင်ရာပြင်ဆင်ခွင့် လျှောက်လဲချက်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ရှေ့နေဦးညဏ်ဝင်းက ပြောသည်။ (Irrawaddy 120110)
- မိုဘိုင်းဖုန်း အလုံးရေ တသိန်းကျော် ချထားပေးမည်ဆိုသော သတင်းနှင့်အတူ မိုဘိုင်းဖုန်းဈေးများ ကျဆင်းသွားခဲ့သည်။ (Mizzima 120110)
- တရုတ်လုပ် မော်တော်ဆိုင်ကယ်များကို ယခုလ ၁ ရက်နေ့မှစတင်၍ တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့ရှိ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် အခွန်ဆောင်၍ တရားဝင် တင်သွင်းရန် ခွင့်ပြုလိုက်သည်။ (Mizzima 120110)
- ရန်ကုန်တိုင်းတွံတေးမြို့နယ်အတွင်း လက်ရှိအသုံးပြုနေသည့် ဂင၅ နှင့် စသည့်ရေဒီယိုအော်တို ကြိုးမဲ့ဖုန်းများကို ယခုလ ၁၅ ရက်နေ့နောက်ဆုံးထားကာ ကြိုးဖုန်းအဖြစ်ပြန်ပြောင်းရန်နှင့် မပြောင်းပါက ဖုန်းကိုသိမ်းမည်ဟု သက်ဆိုင်ရာ ဆက်သွယ်ရေးရုံးက ညွှန်ကြားလိုက်သည်။ (DVB 120110)
- ယခုလ ၁၂ ရက်နေ့တွင် ကျရောက်သည့် ၄၇ နှစ်မြောက် တအောင်းပလောင်အမျိုးသားတော်လှန်ရေးနေ့၌ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (DVB 120110)
- နေပြည်တော် စစ်ရုံးချုပ်က အလယ်အလတ်အဆင့် အရာရှိတချို့ကို ဗျူဟာမှူးအဆင့် တာဝန်တိုးပေးလိုက်သော်လည်း မူလဗျူဟာမှူးနှင့် စစ်ဒေသမှူးများ မည်သည့်နေရာဒေသသို့ ရောက်သွားသည်ကို မသိနိုင်ဖြစ်နေသည်။ (DVB 120110)
- ရခိုင်ပြည်နယ် မောင်တောမြို့တွင် ယနေ့ဖြစ်ပွားခဲ့သည့် ခါးပြမှုကို မောင်တောရဲစခန်းမှ ဓါးပြမှုနှင့် သက်ဆိုင်သည့် ပုဒ်မများဖြင့် အမှုမဖွင့်ဘဲ အခြားပုဒ်မများဖြင့်သာ အမှုဖွင့်ထားသည်ဟု ရဲသတင်းရပ်ကွက်မှဆိုသည်။ (Narinjara 120110)

- ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တွင် လူထုကို အနိုင်ကျင့်သည့် ရဲတပ်ကြပ်ကြီးတစ်ဦးကို လူငယ်တစ်ဦးမှ ဓါးဖြင့် ထိုးလိုက်သောကြောင့် ဒဏ်ရာရရှိခဲ့သည်။ (Narinjara 120110)
- ယခုလ လဆန်းပိုင်း၌ တြိဂံမှူးဗိုလ်ချုပ်ကျော်ဖြိုး ကျိုင်းတုံမှ - မိုင်းခတ်၊ မိုင်းယန်းဘတ် စိတ်ဓါတ်စစ်ဆင်ရေး နယ်လှည့်ခရီးတွင် ဝ နှင့်မိုင်းလားတပ်ဖွဲ့အား မျက်ခြေမပြတ်စောင့်ကြည့်ထားရန် ဒေသခံစစ်တပ်များအား မှာကြားခဲ့သည်ဟု နယ်စပ်သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 120110)
- ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ပန်ဆန်းဌာနချုပ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်မှု တားမြစ်နှိမ်နင်းရေးအတွက် ဝ အာဏာပိုင်များက လူနေအိမ်များအား အထူးတင်းကြပ်စစ်ဆေးမှု ပြုလုပ်ကြောင်း တရုတ်နယ်စပ် သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 120110)
- သျှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့ရှိ အချက်အခြာ နေရာများတွင် ၂၀၁၀ ရွေးကောက်ပွဲ အလိုမရှိ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှချ ကျဆုံးရမည်၊ ဒေါ်အောင်ဆန်းစုကြည် လွတ်ပေးရေး ဒို့အရေး စသည့် စစ်အစိုးရဆန့်ကျင်သော စာသားများကို မှုတ်ဆေးဖြင့် ရေးထွန်းသည့် လှုပ်ရှားမှုများ ယခုလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် ၂ ရက်ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း မျက်မြင်ဒေသခံများက ပြောသည်။ (S.H.A.N 120110)
- ဒီဇင်ဘာလ ၂၀၀၉ နောက်ဆုံးထား၍ နယ်ခြားစောင့်တပ်/ဒေသစောင့်တပ် အသွင်ပြောင်းရန် လူသူလက်နက်စာရင်း ပေးပို့ရမည်ဆိုသည့် နအဖပေးသည့် ဒက်လိုင်းကို ဗိုဆန်ကာ 'အသက်ရှင်နေသရွေ့ သမိုင်းဝင်တပ်နာမည်ပြောင်းခြင်း မဖြစ်မခံနိုင်ကြောင်း' - ဟု SSA တပ်မှူးတစ်ဦးက ပြောသည်။ (S.H.A.N 120110)
- ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်အတွင်းရှိ သဘက်ချောင်းရေကို သောက်သုံးမှုကြောင်း ကျေးရွာလေးရွာခန့်မှ ဒေသခံရွာအများအပြား ဝမ်းလျှောရောဂါဖြစ်ပွားကာ ၅ ဦးထက်မနည်း သေဆုံးခဲ့သည်။ (NMG 120110)

**<u>ဇန်နဝါရီလ (၁၃)ရက်</u>**

- စစ်အစိုးရအာဘော် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာသည် ယမန်နေ့က ထုတ်ဝေမှုတွင် စာမျက်နှာ (၁၅၊ ၁၆၊ ၁၇) (၃) မျက်နှာကို ယနေ့ရက်စွဲဖြင့် မှားယွင်းရိုက်နှိပ်ဖြန့်ဝေကာ ယနေ့တွင်လည်း အမှားပြင်ဆင်ခြင်းမရှိဘဲ ယမန်နေ့က ဖော်ပြပြီးသား စာမျက်နှာအတိုင်း ထပ်မံဖော်ပြထားသည်။ (NEJ 130110)
- ပုဂ္ဂလိကဆေးခန်းများတွင် ခွဲစိတ်မှုခံယူရင်း သေဆုံးမှုဖြစ်ပွားသော သတင်းများကို ပြည်တွင်းသတင်း ဂျာနယ်များတွင် လုံးဝ ဖော်ပြခွင့်မရကြောင်း ပြည်တွင်းသတင်းဂျာနယ် အသိုင်းအဝိုင်းမှ ဆိုသည်။ (NEJ 130110)
- စစ်အစိုးရက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ကုန်ခါနီး နောက်ဆုံး လေးလပတ်တွင် နိုင်ငံပိုင် အဆောက်အဦးများ တည်ဆောက်ရေး ကန်ထရိုက်အများအပြားကို အချိန်တိုအတွင်း လုပ်ငန်းများ ချထားပေးနေသည်။ (NEJ 130110)
- ဖားကန့် ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိသားစုအပါအဝင် အာဏာပိုင်အသိုင်းအဝိုင်းများ ဝင်ရောက်လုပ်ကိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ပိုမိုလျင်မြန်စွာ ပျက်စီးလာနေကြောင်း ကျောက်မျက်တူးဖော်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ (NEJ 130110)
- ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ခေါ် ဝတပ်ဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ပေါက်ယူချန်းအား တွေ့ဆုံဆွေးနွေးလိုကြောင်း စစ်ဘက်ရေးရာလုံခြုံရေးဌာန (စရဖ) အရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီး ရဲမြင့်၏ မကြာသေးမီရက်ပိုင်းက ကမ်းလှမ်းလာမှုကို ဝတပ်ဖွဲ့က ပယ်ချလိုက်သည်။ (NEJ 130110)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့)က ရန်ကုန်ဆင်ခြေဖုံးဒေသများတွင် ကျပ် ၇ သိန်းမှ ၈ သိန်းအကြား တန်ကြေးရှိသည့် နေအိမ်များကို တလလျှင် ၁၀ဝ ကျပ်ပေးသွင်းသည့် စနစ်ဖြင့် တည်ဆောက်ပေးနေသည်။ (Irrawaddy 130110)
- မြန်မာနိုင်ငံသား ဒုက္ခသည် ၅၇,၀၀၀ ကျော်ကို ထိုင်းနိုင်ငံမှတဆင့် နိုင်ငံခြားတွင် အခြေချနေထိုင်ရန် ခြောက်နှစ်အတွင်း ပို့ဆောင်ပေးခဲ့ကြောင်း နိုင်ငံတကာ ရွှေ့ပြောင်းအခြေချ နေထိုင်သူများအဖွဲ့ IOM က ထုတ်ပြန်လိုက်သည်။ (Mizzima 130110)

- တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ စီးပွားရေးပိတ်ဆို့ အရေးယူခံရမှု စာရင်းတွင် ပါဝင်သော ဦးတေဇပိုင် အဲပုဂံလေကြောင်းလိုင်းက ပြန်လည်ပြေးဆွဲရန် စီစဉ်လျှက်ရှိသည်။ (Mizzima 130110)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အမျိုးသမီးအဖွဲ့များကို လွန်ခဲ့သည့် ၇ လအတွင်း တိုးချဲ့ဖွဲ့စည်းခဲ့ရာ မြို့နယ် ၂၂ မြို့နယ်တွင် ပြီးစီးခဲ့ပြီဖြစ်ကြောင်း ရန်ကုန်တိုင်း အမျိုးသမီးလုပ်ငန်းအဖွဲ့တာဝန်ခံ ဒေါက်တာမေဝင်းမြင့်က ပြောသည်။ (Mizzima 130110)
- နယ်ခြားစောင့်တပ်ဖွဲ့ (သို့) ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းခြင်းကို မကြာသေးခင်မှ လက်ခံခဲ့သည့် ကချင်ငြိမ်းချမ်းရေးအဖွဲ့၏ စီးပွားရေးလုပ်ငန်းများကို နအဖက ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ (DVB 130110)

**ဇန်နဝါရီလ (၁၄)ရက်**

- ပြည်ပပို့ကုန်ငွေရှိသူများကို ပြည်ပမှ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ တင်သွင်းခွင့် ပြုလိုက်သဖြင့် ထိုင်းနယ်စပ်မှတဆင့် မြန်မာဘက်သို့ တရားမဝင်တင်သွင်းသူများအတွက် ယခင်ထက် အဆပေါင်းများစွာ အကျိုးအမြတ်ရရှိစေသည်ဟု ကားကုန်သည်တစ်ဦးက ပြောသည်။ (NEJ 140110)
- ဒီဇင်ဘာလ ၄ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တက်ရောက်ခွင့်အတွက် ဝင်ခွင့်စာပေးပွဲ ဖြေဆိုခဲ့ခြင်းမရှိဘဲ ယခု သင်တန်းဖွင့်ပြီး (၁) လကျော်ကြာမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သမီးတစ်ဦးဖြစ်သူ ဒေါ်သန္တာရွှေက အင်္ဂလိပ်စာအထူးပြုသင်တန်း တက်ရောက်မည်ဖြစ်သည်။ (NEJ 140110)
- ဦးဆခုံတိန်းယိန်း ဦးဆောင်သည့် ကချင်အထူးဒေသ (၁)၏ အထူးအစည်းအဝေးပွဲတစ်ရပ်ကို ယခုလ ၁၃ ရက်နေ့မှစ၍ မြစ်ကြီးနားမြို့တွင် ကျင်းပနေကြောင်း တက်ရောက်နေသည့် ကိုယ်စားလှယ်များက ပြောသည်။ (NEJ 150110)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် CEC (၉) ဦး ထပ်မံတိုးချဲ့တာဝန်ပေးလိုက်ကြောင်း ယနေ့ ကြေညာချက် ထုတ်ပြန်လိုက်သည်။ (NEJ/ Mizzima 140110)
- ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာအလုပ်သမားအနေဖြင့် ယာယီနိုင်ငံကူးလက်မှတ် ပတ်စ်ပို့ ပြုလုပ်ရန် လိုအပ်သည့်ပုံစံများ ဖြည့်စွက်တင်သွင်းခြင်း မရှိပါက အလုပ်လုပ်ခွင့် သက်တမ်းတိုးပေးမည် မဟုတ်ကြောင်း သက်ဆိုင်ရာမြို့နယ်အာဏာပိုင်များက ပြောကြားလိုက်သည်။ (Mizzima 140110)
- ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့နယ်အကြား ဖောက်လုပ်နေသော ရထားလမ်းပိုင်းတစ်ခုအတွက် ဥယျာဉ်ခြံနှင့် လယ်မြေ ဧက ၃၀၀ ခန့်ကို ဒေသခံအာဏာပိုင်များက သိမ်းပိုက် ဖောက်လုပ်နေသည်။ (Mizzima 140110)
- စစ်အစိုးရ၏ ငွေတိုက်စာချုပ်များကို ရက်ပေါင်း ၁၄ ရက်အတွင်း ငွေကျပ်သန်းပေါင်း ၁,၀၄၀ ဖိုးနီးပါး ရောင်းချနိုင်ခဲ့ကြောင်း ရန်ကုန်ရှိ မြန်မာငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းချရေးကုမ္ပဏီ MSEC က ပြောဆိုလိုက်သည်။ (Mizzima 140110)
- လွန်ခဲ့သည့် မတ်လက ထိန်းသိမ်းခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၃ ဦးတို့ကို အင်းစိန်ထောင်တွင်း တရားရုံးက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်စီ ချမှတ်လိုက်သည်။ (Irrawaddy 140110)
- ထိုင်းနိုင်ငံတောင်ပိုင်း၌ တရားမဝင် ရောက်ရှိလာသော မြန်မာနိုင်ငံသား ၄၃ ဦးကို ယခုလအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းသတင်းစာများတွင် ဖော်ပြထားသည်။ (Irrawaddy 140110)
- ဝန်ထမ်းများ၏ လစာတိုးမြှင့်မည်ဟူသော သတင်းများထွက်ပေါ်လာသည့် နောက်ပိုင်းတွင် ဆန်နှင့်အခြေခံ စားသောက်ကုန် ဈေးနှုန်းများ မြင့်တက်သွားသည်။ (Irrawaddy 140110)
- မြန်မာနိုင်ငံတွင် ပုံနှိပ်မီဒီယာများနှင့် ရုပ်သံလိုင်းများတွင် ကြော်ငြာခွင့်များ ပိတ်ပင်ခံလိုက်ရသည့် အရက်ကြော်ငြာများ ပုံစံပြောင်း၍ ကြော်ငြာနေကြသည်။ (DVB 140110)
- ပဲခူးမြို့တွင်း ဈေးသည်များကို အမြတ်ခွန်ဦးစီးဌာနက အခွန်ငွေကို လွန်ခဲ့သည့်နှစ်ထက် နှစ်ဆတိုးမြှင့်ကောက်ခံနေသဖြင့် ဈေးသည်များ အခက်တွေ့နေရသည်။ (DVB 140110)

- အကျယ်ချုပ် ကျခံနေရခြင်း ၆ နှစ်ပြည့်တော့မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦး လွတ်မြောက်ရေးအတွက် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက တိုကျိုမြို့ နအဖ သံရုံးရှေ့တွင် သွားရောက်ဆန္ဒပြခဲ့ကြသည်။ (DVB 140110)
- မြန်မာစစ်အစိုးရ ကျူးလွန်ထားသည့် ရာဇဝတ်မှုများအပေါ် ကုလသမဂ္ဂမှ အရေးယူပေးရန် တောင်းဆိုသည့် ဗြိတိသျှ ပါလီမန်အမတ်ဦးရေ ပိုမိုများပြားလာသည်။ (DVB 140110)
- တရုတ်မြန်မာနယ်စပ် ရွှေလီဒေသတွင် လူကုန်ကူးခံထားရသူ မြန်မာနိုင်ငံသား ၃၀ ကျော်အား တရုတ်အာဏာပိုင်က ယမန်နေ့က မြန်မာအစိုးရထံသို့ လွှဲပြောင်းပေးလိုက်သည်။ (NMG 140110)
- မြန်မာနိုင်ငံမှ တရားမဝင် လာရောက်နေထိုင်သူ မြန်မာမူဆလင်များကို ဖမ်းဆီးကာ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက မြန်မာပြည်ဘက်သို့ တိတ်တဆိတ် ပြန်ပို့နေသည်။ (Narinjara 140110)
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်း တောင်တန်းနယ် ဘင်ဒရာဘင် (ရွာတော်) မြို့တွင် တောင်ပေါ်သား ကလေး ၃၃ ဦးကို လူကုန်ကူးသူများလက်ထဲမှ ရဲတပ်ဖွဲ့က ယမန်နေ့က ကယ်တင်နိုင်ခဲ့သည်။ (Narinjara 140110)
- ဖုံတပ်မှူးများအဆင့် အလံတင် ဆွေးနွေးပွဲတစ်ရပ်ကို နစကနှင့် ဘင်္ဂလားဒေ့ရှ် BDR တို့က ယမန်နေ့က ပြုလုပ်ခဲ့သည်။ (Narinjara 140110)

<u>**ဇန်နဝါရီလ (၁၅)ရက်**</u>

- နအဖစစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ယခုနှစ်အတွင်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ပြောဆိုခဲ့မှုသည် မည်သို့မျှမဖြစ်နိုင်ကြောင်း ရန်ကုန်မြို့မှ တရားရုံးချုပ် ရှေ့နေဟောင်း ဦးအောင်သိန်းက ပြောသည်။ (NEJ/ Mizzima 150110)
- ၂၀၁၀ ရွေးကောက်ပွဲတွင် မဲရုံများသို့ သွားရောက်မဲမထည့်ဘဲ လူထုပါဝင်ပတ်သက်မှုမရှိသော မတရားသည့် ရွေးကောက်ပွဲအဖြစ် ပြည်သူလူထုအနေဖြင့် ဆန့်ကျင်သွားကြရန် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ BLC က ယနေ့ ကြေညာချက်တစ်စောင် ထုတ်ပြန်တိုက်တွန်းလိုက်သည်။ (NEJ 150110)
- မကြာသေးမီက နေပြည်တော်၊ ကာကွယ်ရေးဝန်ကြီးဌာန ရုံးချုပ်ရှိ အလယ်အလတ်အဆင့်ရှိ တပ်မှူးများကို နည်းဗျူဟာမှူးရာထူးဖြင့် နယ်ဘက်သို့ ပြောင်းရွှေ့ခဲ့သည်။ (NEJ 150110)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အစိုးရ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ ယနေ့ (၂၅) မိနစ်ခန့်ကြာ တွေ့ဆုံခဲ့ကြောင်း ပါတီ ပြန်ကြားရေး တာဝန်ခံ ဦးခင်မောင်ဆွေက ပြောသည်။ (NEJ 150110)
- ၂၁ ရာစုတွင် အရှည်ကြာဆုံး မြင်တွေ့ရမည့် နေကြတ်ခြင်းကို ကြည့်ရှုသည့် နိုင်ငံခြားသား ခရီးသည်များ မန္တလေးတောင်နှင့် စစ်ကိုင်းတောင်ပေါ်တွင် ယနေ့ ပြည့်နှက်နေခဲ့သည်။ (Mizzima 150110)
- မနက်ဖြန်တွင် စတင်မည့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စတုတ္ထအကြိမ်မြောက် "အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် (FEALAC)" အစည်းအဝေး၌ ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီ အင်အားစု ၁၇ ဖွဲ့က စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ဆန္ဒပြရန် ဂျပန်ရဲက ခွင့်မပြုသဖြင့် အစီအစဉ် ပျက်သွားကြောင်း စီစဉ်သူများက ပြောသည်။ (Mizzima 150110)
- အလုပ်သမား အခွင့်အရေးအတွက် ၉ ရက်ကြာ တောင်းဆိုဆန္ဒပြခဲ့သည့် ဂျော်ဒန်နိုင်ငံ အထည်ချုပ်စက်ရုံ တစ်ရုံမှ မြန်မာအလုပ်သမား ၆၀၀ နီးပါးကိစ္စတွင် မြန်မာသံအမတ်က ကြားဝင်ဖြေရှင်းပေးမှုဖြင့် ယမန်နေ့က လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခွင့်ရခဲ့သည်။ (Mizzima 150110)
- ကွယ်လွန်သူ စာရေးဆရာ မောင်ဆုရှင် (ဦးမျိုးသန့်) ကို စီးပွားရေး လုပ်ငန်းရှင် ဦးသိန်းထွန်း၏ ထွန်းဖောင်ဒေးရှင်း က ၂၀၀၈ ခုနှစ်အတွက် တသက်တာ စာပေဆု ချီးမြှင့်လိုက်သည်။ (Mizzima 150110)
- မြန်မာနိုင်ငံတွင် ယခုလမှစ၍ အစိုးရဝန်ထမ်းများ လစာတိုးမြှင့်မည်ဖြစ်ကြောင်း အစိုးရရုံးအသီးသီးက ကြေညာချက်ထွက်ပေါ်ခဲ့ပြီးနောက် ကုန်ဈေးနှုန်းများ မြင့်တက်နေသဖြင့် စားသုံးသူများ အခက်တွေ့နေရသည်။

(Irrawaddy 150110)

- မြန်မာနိုင်ငံတွင် ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပမည်ဖြစ်ကြောင်း အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ် (Surin Pitsuwan) က ယမန်နေ့က ပြောကြားလိုက်သည်။ (Irrawaddy 150110)
- ပြည်ပပို့ကုန်လုပ်ငန်း စီးပွားရေးလုပ်ငန်းရှင်များကို ကုန်ပစ္စည်းတချို့ တင်သွင်းခွင့်ပြုခဲ့သဖြင့် ပို့ကုန်ဝင်ငွေ (Export Earning) အပြင် လောင်စာဆီ ဈေးနှုန်း မငြိမ်မသက်မှုကြောင့် (FEC) ဈေးလည်း မြင့်တက်လျက် ရှိသည်။ (Irrawaddy 150110)
- ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများအတွက် မြန်မာနိုင်ငံဘက်သို့ ပြန်၍ ယာယီနိုင်ငံကူးလက်မှတ်လုပ်ခွင့်ကာလကို ၂၀၁၀ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နောက်ဆုံးသတ်မှတ်ရာမှ ယခုအခါ ထိုင်းဘက်မှ သက်တမ်း ၂ နှစ် ထပ်မံတိုးမြှင့်လိုက်သည်။ (DVB 150110)
- ယနေ့ကျရောက်သည့် ၅၈ နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနား တက်ရောက်သူဦးရေ ယမန်နှစ်များ ထက်ဝက်ခန့် လျော့နည်းသွားသည်ဟု အခမ်းအနားတွင် ကြေညာခဲ့သည်။ (Kantarawaddy Times 150110)
- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းခဲ့သော အပစ်ရပ် ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ KNDP မှ တပ်ဖွဲ့ဝင် ၄ ဦးသည် မြန်မာစစ်အစိုးရတပ် ထိန်းချုပ်မှုအောက်၌ မခံနိုင်သဖြင့် ယခုလ ၄ ရက်နေ့က ကရင်နီ တပ်မတော်နှင့် လာရောက်ပူးပေါင်းခဲ့သည်။ (Kantarawaddy Times 150110)
- ဗပြည်သွေးစည်းညီညွတ်ရေးတပ်မတော် တပ်မဟာ ၄၆၈ မိုင်းပေါင်ဌာနချုပ်၌ စစ်သင်တန်းဆင်းပွဲ အခမ်းအနားတစ်ရပ်အား ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း တရုတ်နယ်စပ် သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 150110)
- ဒေသကာကွယ်ရေးတပ်/ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းရန် နအဖ အကြိမ်ကြိမ်ဖိအားပေးမှုအပေါ် အပစ်ရပ် SSA ခေါင်းဆောင်ပိုင်းတစ်ဦးက ရဟန်းရှင်လူ ပြည်သူများအား ချောက်ထဲဆင့်မည့် ဦးဆောင်မှုမျိုး လုပ်မည်မဟုတ်ဟု ကတိပေးပြောခဲ့ကြောင်း သျှမ်းပြည်မြောက်ပိုင်း သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 150110)
- မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့မှု တစ်နှစ်ကျော်ကြာလာခဲ့ပြီဖြစ်သော်လည်း အိမ်ခြေ ၁၇၅၀၀၀ ခန့် ပြန်လည်တည်ဆောက်ပေးရန် လိုအပ်နေဆဲဖြစ်ကြောင်း မကြာသေးခင်က သွားရောက်ခဲ့သည့် ကယ်ဆယ်ရေးလုပ်သား အမျိုးသမီးတစ်ဦးက ပြောသည်။ (BBC 150110)
- ကချင်ပြည်နယ် ဖားကန့်ဒေသရှိ ဆိုင်ဂျာဘွန်ကျောက်စိမ်းမော်တွင် တန်ချိန် (၁၀၀) ကျော်အလေးချိန်ရှိ ကျောက်စိမ်းတုံးတစ်တုံးကို ရန်ကုန်သို့သယ်ယူရန် အခက်အခဲဖြစ်နေသည်။ (NMG 150110)

## ဇန်နဝါရီလ (၁၆)ရက်

- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဝေါ်လေဒေသတွင် အခြေချလှုပ်ရှားနေသော ဒီကေဘီအေတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ထိုင်းရွာလူကြီးတစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့၍ ဆေးရုံတင်လိုက်ရကြောင်း အပစ်ခံရသူ၏ ဆွေမျိုးတစ်ဦးက ပြောသည်။ (KIC 160110)

## ဇန်နဝါရီလ (၁၇)ရက်

- သျှမ်းပြည်အလယ်ပိုင်း၊ အရှေ့ပိုင်း အပစ်ရပ်တပ်ထိန်းချုပ် ဒေသများဆီသို့ နအဖ စစ်ယာဉ်တန်း အများအပြား SSA လွယ်တိုင်းလျဲန်ဌာနချုပ် သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 170110)
- ဘင်္ဂလားဒေ့ရှ် နိုင်ငံစစ်တကောင်းတောင်တန်း ဘင်ဒရီဘင် ခရိုင်မှ မြန်မာနိုင်ငံသား စီစစ်ရေး ကဒ်ပြားများကို ထုတ်လုပ်ကိုင်ဆောင်ကာ ဘုရားဖူးသွားသူ ၁၂ ဦးကို မြန်မာတရားရုံးက ထောင်ဒဏ် (၆) လစီ ချမှတ်လိုက်သည်။ (Narinajara 170110)
- ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငခူရကျေးရွာတွင် တာဝန်ကျနေသည့် ကျောင်းဆရာတစ်ဦးကို နအဖ စစ်ဗိုလ်နှစ်ဦးက အရက်မူး၍ မတရားရိုက်နှက်ခဲ့ကြသည်။ (Narinjara 170110)

**ဇန်နဝါရီလ (၁၈)ရက်**

- ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်အထူးတရားရုံးမှ မြစ်ဒဏ်ချမှတ်မှုကို အယူခံတင်သွင်းထားသော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု လျှောက်လဲချက်ကို ယနေ့ ဗဟိုတရားရုံးချုပ်တွင် ကြားနာစစ်ဆေးခဲ့သည်။ (NEJ/ Irrawaddy 180110)
- ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ခေါ် ဝတပ်ဖွဲ့ ဥက္ကဋ္ဌ ပေါက်ယူချန်း၏ စစ်ရေးသတိရှိရန် မိန့်ခွန်းတို အား ဝတပ်ဖွဲ့ ရုပ်မြင်သံကြားဌာနမှတဆင့် ဒေသအတွင်း ထုတ်လွှင့်ပြသနေသည်။ (NEJ 180110)
- လာဘ်ပေးလာဘ်ယူကိစ္စနှင့်ပတ်သက်၍ ဌာနဆိုင်ရာ အကြီးအကဲများက မိမိလက်အောက်ဝန်ထမ်းများကို ပညာပေး ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားချက်တစ်စောင် ထုတ်ပြန်ထားကြောင်း ယဉ်ကျေးမှု ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။ (NEJ 180110)
- ရန်ကုန်မြို့တွင် လျှပ်စစ်ဝန်ထမ်းများကို ဆိုင်ကယ်စီးနင်းခွင့်ပေးနေသဖြင့် အခြားဌာနဆိုင်ရာဝန်ထမ်းများနှင့် ရဲများက မကျေမနပ်ဖြစ်နေကြကြောင်း ပြည်ထဲရေးမှ ရဲအရာရှိတစ်ဦးက ပြောသည်။ (NEJ 180110)
- နိုင်ငံခြားသား အလုပ်သမားများ အခွင့်အရေးအတွက် အကြံပြုစာတစ်စောင်တွင် ထိုင်းနိုင်ငံ အခြေစိုက် အစိုးရမဟုတ် သော အဖွဲ့ (NGO) ၃၆ ဖွဲ့က လက်မှတ်ရေးထိုးကာ ထိုင်းဝန်ကြီးချုပ် အဖိဆစ်ဝေ့ချာချီဝ ထံသို့ ယနေ့ ပေးပို့လိုက် သည်။ (Irrawaddy 180110)
- ရန်ကုန်မြို့ရှိ စီးတီးတက္ကစီ အများစုကို မီတာစနစ်ဖြင့် ပြေးဆွဲရန် ထုတ်ပြန်ထားသော်လည်း အောင်မြင်မှုမရှိသော ကြောင့် ယာဉ်ပြေးဆွဲခွင့် ပိတ်သည်အထိ တင်းကျပ်သော အရေးယူမှုများ ပြုလုပ်လျက်ရှိသည်။ (Irrawaddy 180110)
- စစ်အစိုးရက မကြာမီ ရွေးကောက်ပွဲ ပြုလုပ်ပေးမည် ဆိုသော်လည်း နေပြည်တော်တွင် တည်ဆောက်နေသည့် လွှတ် တော်အဆောက်အအုံကြီးသည် ပြီးစီးမှုမရှိသေးကြောင်း စုံစမ်းသိရှိရသည်။ (Irrawaddy 180110)
- ရန်ကုန်မြို့တွင် CDMA 800 MHz အမျိုးအစား တယ်လီဖုန်း တစ်သိန်း တိုးချဲ့မည်ဟု ဆိုသော်လည်း အစိုးရ အရာ ရှိ ကြီးများ၏ ထောက်ခံစာဖြင့် လျှောက်ထားသူများသာ တယ်လီဖုန်း ဝယ်ယူခွင့် ရရှိနေကြောင်း ရန်ကုန်မြို့ ဖုန်းဝယ် ရောင်းဈေးကွက်မှ ဆိုသည်။ (Irrawaddy/ Mizzima 180110)
- အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်းစ် John Hopkins တက္ကသိုလ်မှ အရှေ့တောင်အာရှ လေ့လာရေးဌာန ညွှန်ကြား ရေးမှူးချုပ် ပါမောက္ခ ကားလ်ဒီဂျက်ဆင် (Karl D Jakson) ဦးဆောင်သော အဖွဲ့သည် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ခေါင်းဆောင်အချို့နှင့် ယခုလ ၁၁ ရက်နေ့က တွေ့ဆုံခဲ့သည်။ (Irrawaddy/ Mizzima 180110)
- ရွှေဝါရောင်တော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့သဖြင့် အင်းစိန်ထောင်တွင် ၉ နှစ် ထောင်ဒဏ်ချမှတ်ခံခဲ့ရသည့် လှိုင်သာယာမြို့နယ် NLD မြို့နယ်စည်း အဖွဲ့ဝင် ဦးတင်ယုအား ထောင်ဝင်စာတွေ့ခွင့် တစ်လပိတ်ပင် လိုက်ကြောင်း သမီးဖြစ်သူက ပြောသည်။ (Mizzima 180110)
- ဒေါ်အောင်ဆန်းစုကြည်သည် အမှုနိုင်၍ လုံးဝလွတ်မြောက်လာလိမ့်မည်ဟု အကောင်းဘက်ကို မျှော်လင့်နေကြောင်း သူမ၏ ရှေ့နေများက ပြောသည်။ (Mizzima 180110)
- ထိုင်းနိုင်ငံရောက် ရှမ်းအမျိုးသားများက ရှမ်းချစ်သူများနေ့ကို ယမန်နေ့က ချင်းမိုင်မြို့တွင် ရှမ်းရေဒီယိုနှင့် ပညာရေး သတင်းမီဒီယာမှ ဦးဆောင်ကျင်းပခဲ့ကာ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူကုန်ကူးမှု၊ ပညာပေးဟောပြောမှုနှင့် အလုပ်အကိုင် ခန့်ထားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ (Mizzima 180110)
- ဆိုမာလီ ဓါးပြများ၏ ၂ လခွဲကျော် ဖမ်းဆီးထိန်းသိမ်းခံရမှုမှ ပြန်လည်လွတ်မြောက်လာသူ မြန်မာအင်ဂျင်နီယာ ဦးလှချစ်သည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကြောင့် အိမ်၌ အနားယူနေရသည်။ (Mizzima 180110)
- လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက လူသစ်များနှင့် တိုးချဲ့ဖွဲ့စည်းလိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟို အလုပ်အမှုဆောင်အဖွဲ့. ပထမဆုံးအကြိမ် အစည်းအဝေးကို ယနေ့ အဖွဲ့ချုပ်ရုံးချုပ်တွင် ပြုလုပ်ခဲ့သည်။ (DVB 180110)

- မြစ်ဆုံရေကာတာစီမံကိန်း မအောင်မြင်ရန်အတွက် ကချင်ပြည်နယ် မြစ်ကြီးနားဇုန်နယ်မြေအတွင်း ခရစ်ယာန်အသင်းတော် ၅၉ ခုစလုံး၏ ၂၄ နာရီကြာ ဝတ်ပြုဆုတောင်းပွဲကို ယနေ့ နံနက်မှစ၍ မြစ်ကြီးနားမြို့တွင် စတင် ကျင်းပနေသည်။ (DVB 180110)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တစ်ဦးဖြစ်သူ သတင်းစာဆရာကြီး ဦးဝင်းတင်အနေနှင့် ထောင်မှ လွတ်မြောက်လာပြီးနောက်ပိုင်း ယနေ့ ပထမဆုံးအကြိမ် နယ်ဝေးခရီး ထွက်ခွာခွင့်ရခဲ့သည်။ (DVB 180110)
- ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် စက်ဆန်းတိုက်နယ်တွင် တိုင်းမှူး၏ နေကြာစီမံကိန်းကြောင့် ဒေသခံ လယ်သမားများ အခက်ကြုံနေရသည်။ (DVB 180110)
- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး လှုပ်ရှားမှုတစ်ရပ် အနေဖြင့် 'Free Aung San Su Kyi' အောင်ဆန်းစုကြည်ဟု ရေးထားသည့် ဒေါ်အောင်ဆန်းစုကြည်၏ ပုံများကို ရန်ကုန်မြို့ ဘတ်စ်ကားများတွင် ယနေ့ ဖြန့်ဝေခဲ့ကြသည်။ (DVB 180110)
- အင်းစိန်ထောင်တွင် အမှုရင်ဆိုင်နေရသည့် မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသား ကိုညီညီအောင်၏ မိသားစုနှင့် ထောင်ဝင်စာကို အာဏာပိုင်များက ထပ်မံကန့်သတ်လိုက်သည်ဟု ဆိုသည်။ (DVB 180110)
- ဘင်္ဂါလီ ဒေသခံများဖြင့် ဖွဲ့စည်းထားသော ရိုဟင်ဂျာ ဝင်ရောက်မှု ကာကွယ်တားဆီးရေး ကော်မတီမှ ဘင်္ဂလားဒေ့ရှ် အစိုးရထံ အချက် (၇) ချက်ပါသော တောင်းဆိုချက်စာတစ်စောင်ကို ယမန်နေ့က ပေးပို့လိုက်သည်။ (Narinjara 180110)
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းယန်းမြို့လယ် ခုံကွိုင်းဖွန်း (ကျွဲခတ်ကွင်း) ၌ နအဖနယ်လှည့်ဆက်ဆံရေးတပ်မှ ယနေ့ည စတင်မည့် ဖျော်ဖြေရေးစင်မြင့်အတွက် ဒေသခံ လုပ်အားများအပြင် ပိုက်ဆံ၊ သက်ကယ်၊ ဝါး၊ ဖျာများပါ ဆင့်ဆိုခံနေရသည်ဟု အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 180110)

**ဇန်နဝါရီလ (၁၉)ရက်**

- တရားဝင် အလုပ်သမားလက်မှတ်ကိုင်ဆောင်သူ ရွှေ့ပြောင်းအလုပ်သမား အားလုံးကို ထိုင်းအစိုးရက နောက်ထပ် (၂) နှစ် သက်တမ်းတိုး အလုပ်လုပ်ခွင့်ပြုလိုက်သည်။ (NEJ 190110)
- ယခုလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့သည့် ကချင်အထူးဒေသ (၁) အထူးအစည်းအဝေးပွဲ၌ မည်သည့်အရေးပါသော ဆုံးဖြတ်ချက်မှ မချနိုင်ဘဲ ပြီးဆုံးခဲ့ကြောင်း အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်များက ပြောသည်။ (NEJ 190110)
- နယ်စပ်မှတဆင့် မြန်မာဆန်များ တရားမဝင် တင်ပို့မှုကို မြန်မာနှင့်ထိုင်းအာဏာပိုင်များက ဖမ်းဆီးပိတ်ပင်မှုများ ပြုလုပ်နေသော်လည်း အဆပေါင်းများစွာ အမြတ်အစွန်းရရှိသည့် မြန်မာဆန်များကို ဆန်ကုန်သည်များက မြဝတီမှ တဆင့် မဲဆောက်သို့ ညစဉ်တင်ပို့လျက်ရှိသည်။ (NEJ 190110)
- မီးသင်္ဂြိုဟ်စက်များထားရှိရာ သုသာန်အသီးသီး၌ အအေးခန်းအသုံးပြုခနှင့် မီးသင်္ဂြိုဟ်စရိတ် (၇) ဆမျှ တိုးမြှင့်ကောက်ခံမည်ဟူသော သတင်းများ ရန်ကုန်မြို့တွင်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိရာ အဆိုပါသတင်းသည် အခြေအမြစ်မရှိသော ကောလာဟလများသာဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်စင်ရေးဌာန၊ ဌာနမှူး ဗိုလ်မှူးကြီး ချိုထွန်းအောင် (ငြိမ်း) က တရားဝင် ငြင်းဆိုလိုက်သည်။ (NEJ 190110)
- သတင်းစာဆရာနှင့် စာရေးဆရာကြီး လူထုဦးလှ၏ ရာပြည့်အခမ်းအနားကို မန္တလေးမြို့ မဂ်ဂရတနာရာမ မြတောင်တိုက်၌ ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။ (NEJ 190110)
- မြန်မာ့ ကျောက်မျက်ရတနာပြပွဲမှ ဝယ်ယူခဲ့သော အလေးချိန် ၃၅ တန်ရှိ ကျောက်စိမ်းတုံးဖြင့် ဗီယက်နမ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးက ကမ္ဘာ့အကြီးဆုံး စာရင်းဝင် ဗုဒ္ဓရုပ်ပွားတော်တဆူကို ယမန်နေ့က စတင်ထုတလုပ် နေပြီဖြစ်သည်။ (Irrawaddy 190110)

- မြန်မာနိုင်ငံကို အာရှဆန်အိုးကြီးအဖြစ် ပြန်လည်ရောက်ရှိရေး ဆောင်ရွက်ရန် ဆန်စပါး လုပ်ငန်းအသင်း ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။ (Irrawaddy 190110)
- ထိုင်း-မြန်မာနယ်စပ် နို့ဘိုးဒုက္ခသည်စခန်းမှ ဒုက္ခသည် ၇၀ ခန့်က ယနေ့မွန်းလွဲပိုင်း၌ စခန်းတွင်းရှိ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး UNHCR ရုံးရှေ့တွင် "Don't Forget Our Welfare & Future" "UNHCR Help" " Hopeless Education for Children" စသည့်စာတမ်းပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ အသံတိတ် ဆန္ဒပြခဲ့ကြသည်။ (Mizzima 190110)
- စာပေစိစစ်ရေးက ပြည်တွင်းအခြေစိုက် သတင်းဂျာနယ်အချို့အား စစ်အစိုးရအလိုကျ သတင်းတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ်ကို လွှန်ခဲ့သည့် ရက်သတ်တပတ်က ဖိအားပေးထည့်ခိုင်းသည်ဟု ပြည်တွင်းအယ်ဒီတာများက ပြောသည်။ (Mizzima 190110)
- ပြစ်မှုကျူးလွန်သည့် စစ်သားများကို ထိရောက်စွာ အရေးမယူခြင်းသည် အပြစ်မဲ့ပြည်သူများအပေါ် ပြစ်မှုများ ပိုမိုကျူးလွန်စေရန် တိုက်တွန်းအားပေးရာ ရောက်ကြောင်း Burma Campaign (UK) က ပြောဆိုလိုက်သည်။ (Mizzima 190110)
- ရွေးကောက်ပွဲဥပဒေ မကြေညာသေးဘဲ နောင့်နှေးနေခြင်းကြောင့် မိမိတို့အနေဖြင့် မည်သူ့ကို ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ရမှန်းမသိ ဖြစ်နေသည်ဟု စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စိုင်းပြင်းနေသော ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီတစ်ခုက ယနေ့ မချင့်မရဲ ပြောကြားလိုက်သည်။ (Mizzima 190110)
- အင်းစိန်ထောင်တွင်းတရားရုံးတွင် ရုံးတင်တရားစွဲထားသည့် အမေရိကန်နိုင်ငံသား ကိုညီညီအောင်နှင့် နိုင်ငံရေးလှုပ်ရှားမှုနှင့် အဖမ်းခံရသူများဖြစ်သည့် ကိုယ်အောင်သူနှင့် ကိုမင်းမင်းထွန်းတို့ ၃ ဦးကို အင်းစိန်ထောင်ထဲတွင် တိုက်ပိတ်ထားကြောင်း ထောင်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (DVB 190110)
- စစ်အစိုးရက ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ပြိုင်ရန် တတိယနိုင်ငံရေးအင်အားစုများက ပြင်ဆင်လှုပ်ရှားမှုများ လုပ်နေသော်လည်း ပြည်တွင်းမီဒီယာများက ဖော်ပြခွင့်မရှိကြောင်း ပြည်တွင်း ဂျာနယ်အယ်ဒီတာတစ်ဦးက ပြောသည်။ (DVB 190110)
- နာရေးကူညီမှုအသင်း ရန်ကုန်က နှစ်ပတ်လည် အထိမ်းအမှတ်ဓါတ်ပုံပြိုင်ပွဲကို ယခုလ ၁၇ ရက်နေ့က ပြုလုပ်ကျင်းပခဲ့သည်။ (DVB 190110)
- အိန္ဒိယ-မြန်မာ ၂ နိုင်ငံ လုံခြုံရေးကိစ္စဆွေးနွေးရန် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သည့် အိန္ဒိယပြည်ထဲရေးမှ ကိုယ်စားလှယ်အဖွဲ့တစ်ခုသည် ယနေ့ နေပြည်တော်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း နယူးဒေလီထုတ် သတင်းစာတွင် ဖော်ပြထားသည်။ (DVB 190110)
- ကဗျာဆရာကြီး ဦးတင်မိုးကွယ်လွန်ခြင်း ၃ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားပွဲတစ်ရပ်ကို အမေရိကန်နိုင်ငံ ဖို့ဒ်ဂိန်းမြို့တွင် ယမန်နေ့က ပြုလုပ်ခဲ့သည်။ (DVB 190110)
- မကြာခဏ တရားဟောခွင့် ပိတ်ပင်ခံရသည့် ဆရာတော် ဦးသုမင်္ဂလသည် ဧရာဝတီတိုင်း ဟင်္သာတမြို့တွင် ယမန်နေ့က တရားပွဲပြုလုပ်ကျင်းပခဲ့ရာ တရားနာပရိသတ် တစ်သောင်းနီးပါး တက်ရောက်ခဲ့သည်။ (DVB 190110)
- ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အသိအမှတ် ပြုထားသော မြန်မာဒုက္ခသည် အမျိုးသမီးတစ်ဦးဒေသခံဘင်္ဂလီ အမျိုးသားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားဆေးရုံတွင် တင်ထားရသည်။ (Narinjara 190110)
- လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကျူးလွန်သည့် ပြစ်ချက်များ အမြန်စုံစမ်းတင်ပြနိုင်ရန်အတွက် သတင်းအချက်အလက်များ စုဆောင်းလျက်ရှိကြောင်း သျှမ်းပြည်ရဲတပ်ဖွဲ့မှ အမည်မဖော်လိုသူရဲဝန်ထမ်းတစ်ဦးက ပြောသည်။ (S.H.A.N 190110)
- မကြာခင်ရက်ပိုင်း၌ ကချင်ပြည်နယ် ဗန်းမော်မြို့သို့ လာရောက်မည်ဆိုသော ကာကွယ်ရေးနှင့် စစ်ဆင်ရေးအထူး အဖွဲ့ ၄ မှူး ဒုဗိုလ်ချုပ်ကြီး သာအေး၏ ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနက လမ်းဘေးဈေးခုံများကို ညတွင်းချင်း လိုက်လံဖယ်ရှားနေခြင်းကြောင့် ဒေသခံများ အခက်ကြုံနေရသည်။

(S.H.A.N 190110)

- ❑ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်း တရားမဝင် ဖွဲ့စည်းလှုပ်ရှားနေသည့် နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်မှုတွေ့ရှိပါက ထိုင်းနိုင်ငံမှ နှင်ထုတ်မည်ဖြစ်ကြောင်း တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူးက ယနေ့ နံနက်ပိုင်းက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားလိုက်သည်။ (BBC 190110)

**ဇန်နဝါရီလ (၂၀)ရက်**

- ❑ အမေရိကန် အစိုးရအနေနှင့် မြန်မာစစ်အစိုးရနှင့် ဆက်ဆံရေးတွင် စိတ်ရှည်ရှည်ထားရန် လိုအပ်သော်လည်း အကန့်အသတ်မရှိ သည်းခံနေမည် မဟုတ်ကြောင်း ယနေ့ပြုလုပ်သည့် အမေရိကန် နိုင်ငံခြားရေးရုံး သတင်းစာရှင်းလင်းပွဲတွင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်းဘဲလ် (Kurt Campbell) က ပြောကြားလိုက်သည်။ (VOA/ NEJ 200110)
- ❑ ရှမ်းပြည်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ စိန်ကျော့အခြေစိုက် ရှမ်းပြည်တပ်မတော်အား ပြည်သူ့စစ်အသွင်ပြောင်းရန် အောက်ခြေတပ်ရင်းများက သဘောမတူသည့်အတွက် နအဖထံ အကြောင်းပြန်ရန် အဖွဲ့ခေါင်းဆောင်များက အခက်တွေ့နေသည်။ (NEJ 200110)
- ❑ ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့အတွင်း လျှပ်စစ်မီး ရရှိမှုအခြေအနေ ဆိုးရွားနေကြောင်း မြို့လယ်နေထိုင်သူများက ပြောသည်။ (NEJ 200110)
- ❑ မြန်မာနိုင်ငံအတွင်း အဓမ္မခိုင်းစေမှု တိုင်ကြားချက်များ ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) က နောက်ထပ် (၁) နှစ် သက်တမ်းတိုးလုပ်ဆောင်ရန် ယခုလ (၁၉) ရက်နေ့တွင် စစ်အစိုးရနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ (NEJ 200110)
- ❑ ရန်ကုန် တောင်ပိုင်းခရိုင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များအတွင်း ယခုလပိုင်း၌ မိုးစပါးများ ထွက်ရှိနေပြီဖြစ်ရာ မူလမှန်းထားသည်ထက် အထွက်နှုန်း များစွာလျော့နည်းကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။ (NEJ 200110)
- ❑ ယခုလ (၁၆) ရက်နေ့က ကချင်ငြိမ်းချမ်းရေးအဖွဲ့မှ အသွင်ပြောင်းလိုက်သည့် ဦးလဆန်အောင်ဝါ ဦးဆောင်သည့် ပြည်သူ့စစ်အဖွဲ့၏ နာယက ဦးတူဒီဒွဲလာအား မြစ်ကြီးနား အထူးမှုးယစ်ရဲတပ်ဖွဲ့က ရိုက်နှိက်ညှင်းဆဲခဲ့သဖြင့် အပြင်းအထန် ဒဏ်ရာရရှိသွားခဲ့သည်။ (NEJ 200110)
- ❑ အကြမ်းဖက်မှုနှင့် ပတ်သက်၍ ၂၀၁၀ ခုနှစ်တွင် ပြဋ္ဌာန်းမည့် ဥပဒေသစ်သည် စစ်အစိုးရ အကျိုးစီးပွား အတွက်သာ ဖြစ်နိုင်ကြောင်း ရှေ့နေများက ပြောသည်။ (Irrawaddy 200110)
- ❑ အိန္ဒိယနိုင်ငံမှ အဆင့်မြင့် ပညာသင်ကျောင်း ၄၄ ခုကို အရည်အသွေး မမီဟု အစိုးရက ယူဆကာ တက္ကသိုလ် အဆင့်မှ ပယ်ဖျက်ရန် စစ်ဆေးနေသဖြင့် မြန်မာစာသင်သား သံဃာများနှင့် နိုင်ငံတကာ ကျောင်းသားများ မကျေမနပ် ဖြစ်နေကြသည်။ (Irrawaddy 200110)
- ❑ ၂၀၀၉ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း အဖမ်းခံခဲ့ရသည့် မန္တလေးတိုင်း မြင်းခြံ၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့တို့မှ သံဃာတော် ၂ ပါး အပါအဝင် ၁၆ ဦးကို ဒီဇင်ဘာလကုန်ပိုင်းက ထောင်ဒဏ် ၂ နှစ် ၇၁ နှစ်အထိ ချမှတ်ကာ အိုးဘိုထောင်တွင် ရာဇဝတ်သားများနှင့်အတူ ထားသည်။ (RFA 200110)
- ❑ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာပေါ်က ရန်ပုံငွေ လိုသလောက် မရရှိသည့် အရေးပေါ် ပြဿနာများ ရှိနေသည့် ၁၄ နိုင်ငံကို ကုလသမဂ္ဂ ဗဟိုအရေးပေါ် တုံ့ပြန်ကယ်ဆယ်ရေး ရန်ပုံငွေဌာန (CERF) က အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီလိုက်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် ကုလသမဂ္ဂ ရုံးချုပ်က ကြေညာလိုက်သည်။ (RFA 200110)
- ❑ ငြိမ်းချမ်းရေးအဖွဲ့များကို နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းရန် စစ်အစိုးရ၏ ကမ်းလှမ်းချက်ကို အဆိုပါအဖွဲ့များက ငြင်းဆန်းခဲ့အပြီး နှစ်ဖက်ကြား တင်းမာနေကြသော်လည်း အေးဆေးငြိမ်သက်လျက်ရှိသည်ဟု လေ့လာသူများက ပြောသည်။ (Mizzima 200110)

- အရှေ့တောင်အာရှ နိုင်ငံအသင်းမှ တင်သွင်းသော သွင်းကုန်အမျိုးအစား ၉၀ အပေါ် တရုတ်က အခွန်ကင်းလွတ်ခွင့် ပေးလိုက်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ယနေ့ ပြောကြားလိုက်သည်။ (Mizzima 200110)
- ရှမ်းပြည်အရှေ့ပိုင်း တာချီလိတ်မြို့နယ်ရှိ ကျေးရွာများတွင် တပ်ရိက္ခာအတွက် စပါးသွင်းရန် အကြောင်းပြကာ အာဏာပိုင်နှင့် ကုန်သည်များက စပါးများဂယ်ယူနေသည်ဟု ဒေသခံများက ပြောသည်။ (NMG 200110)
- ကရင်ပြည်နယ် ညောင်လင်းပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်အတွင်း ယခုနှစ်ဆန်းပိုင်းမှစ၍ နအဖ လှုပ်ရှားတပ်များ ဝင်ရောက်ကာ ယခုလ ၁၇ ရက်နေ့၌ ခမရ (၃၆၇) တပ်ရင်းမှ ရွာသားနှစ်ဦးကို ပစ်သတ်သည့်အပြင် ရွာပါမီးရှို့ဖျက်ဆီးခဲ့ကြောင်း Free Burma Ranger အဖွဲ့မှ စောဘောဘိုးက ပြောသည်။ (KIC 200110)
- ယခုလဆန်းပိုင်းမှစ၍ သျှမ်းပြည်သို့ နအဖ စစ်ယာဉ်တန်းများ ဆက်တိုက်ဝင်ရောက်လာကာ နေ့စဉ်နေ့အမျှ ပေါ်တာဆွဲခြင်း၊ စားနပ်ရိက္ခာအတွက် စပါးနှင့် မြေပဲများ အဓမ္မဈေးနှိမ်ဂယ်မှုများကြောင်း ထိုင်းနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာသည့် သျှမ်းပြည်အလယ်ပိုင်းဒေသခံများ ပိုမိုများပြားလာကြောင်း နယ်စပ်သို့ရောက်ရှိလာသည့် ရွာသားတစ်ဦးက ပြောသည်။ (S.H.A.N 200110)
- သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ၁၀ ကြိမ်မြောက် ညီလာခံ၌ 'အမျိုးသားရေးအတွက်၊ တန်းတူအခွင့်အရေး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခြင်းသည် ခွဲထွက်ရေးသမားမဟုတ်' ဟု သျှမ်းပြည်တပ်မတော် ခေါင်းဆောင် ဗိုလ်ချုပ်ကြီးယွက်စစ်က ပြောသည်။ (S.H.A.N 200110)
- စစ်အစိုးရမှ ၂၀၁၀ ခုနှစ်အတွင်း ဆိုင်ကယ်လိုင်စင်များကို ပြောင်းလဲ၍ အသုံးအနှုန်းသစ်ဖြင့် လက်တွေ့ အသုံးပြုလာတော့မည် ဆိုသောကြောင့် မြန်မာနိုင်ငံတွင် ဆိုယ်ကယ်စီးခွင့်ရရန်နှင့် တရားဝင်လိုင်စင်ရရှိရန် ပြည်ပမှ ဆိုင်ကယ်များကို ထိုင်း-မြန်မာနယ်စပ်မှတဆင့် ပြည်တွင်းသို့ အမြောက်အများ ဂယ်ယူတင်သွင်းနေသည်။ (Kantarawaddy Times 200110)
- ကရင်နီပြည်တွင်း၌ အခြေစိုက်ထားသော နအဖအစိုးရတပ်များသည် တပ်တွင်း ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးလုပ်ကိုင်ရန် ဒေသခံ ပြည်သူများ၏ မြေယာ ဧကပေါင်း ၂၅၀ ခန့်ကို အခမဲ့ သိမ်းယူခဲ့သည်ဟု ကရင်နီလူမှုကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ (Kantarawaddy 200110)
- ပဲခူးတိုင်း ပြွန်တန်ဆာမြို့နယ်တွင် ဒေသခံအာဏာပိုင်များ စုပေါင်းဖွဲ့စည်းထားသည့် လမ်းကော်မတီအဖွဲ့က နေအိမ်များကို ဖျက်ပေးရန် တောင်းဆိုနေသဖြင့် အိမ်ရှင်မိသားစုဝင်များက စိတ်သောက ရောက်နေကြသည်။ (DVB 200110)
- ကွယ်လွန်သူ ကရင်အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်ကြီးစောဘိုမြကို အမှတ်ရသည့်အနေဖြင့် ယနေ့ကျရောက်သည့် သူ့မွေးနေ့တွင် မိသားစုဝင်များက အောက်မေ့ဖွယ် အခမ်းအနား ပြုလုပ်ခဲ့သည်။ (DVB 200110)

**ဇန်နဝါရီလ (၂၁)ရက်**

- ရန်ကုန်မြို့ရှိ သမဂ္ဂဲယမအသင်းပိုင် တိုက်ခန်းများကို ပြန်လည်အပ်နှံရန် နအဖစစ်အစိုးရက ညွှန်ကြားထားသော် လည်း အခန်းရှင်များက သတ်မှတ်ကာလ ကျော်လွန်သည်အထိ မအပ်နှံသေးဘဲ အသနားခံစာများ တင်ထားသည်။ (NEJ 210110)
- တရုတ်-မြန်မာနယ်စပ် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် တရုတ်ဘက်မှ သွင်းကုန်ပစ္စည်းများအား မန္တလေးသို့ တိုက်ရိုက်သယ်ဆောင်စေကာ ဂိုဒေါင်ချခွင့်ကို ပိတ်ပင်ထားသည်။ (NEJ 210110)
- မြန်မာနိုင်ငံတွင် တရားမဝင်မော်တော်ဆိုင်ကယ်များကို တနိုင်ငံလုံးသို့ မောင်းနှင်နိုင်သည့် လိုင်စင်ထုတ်ပေးသောကြောင့် ထိုင်းဆယ်ကယ်များ မြန်မာဘက်မှ အဂယ်လိုက်၍ မဲဆောက်ရှိ ဆိုင်ကယ်အရောင်းဆိုင်များနှင့် ပြင်ပရောင်းဂယ်ရေး နေရာများတွင် ဆိုင်ကယ်ပြတ်လပ်မှု ဖြစ်ပေါ်နေသည်။ (NEJ 210110)

- မြန်မာနိုင်ငံတွင် ကျင်းပရန်ကြေညာထားသည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများတွင် ဆက်လက်ဆိုးဝါးနေခဲ့ကြောင်း အမေရိကန်အခြေစိုက် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch) က ပြောကြားလိုက်သည်။ (NEJ/ Irrawaddy 210110)
- မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာမူဝါဒနှင့် ကူညီစောင့်ရှောက်ရေး ကဏ္ဍများ၌ များစွာတိုးတက်လာကြောင်း ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow Parajuli က ပြောကြားလိုက်သည်။ (Irrawaddy 210110)
- ယခုနှစ်မှစ၍ မြန်မာခိုးကူးခွေနှင့် ဆင်ဆာမဲ့ဗီစီဒီများ ရောင်းချလျှင် ထောင်ဒဏ် ၆ လမှ ၃ နှစ်အထိ ချမှတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဗီဒီယို အခြေခံအဖွဲ့က တရားဝင် သတင်းထုတ်ပြန်လိုက်သည်။ (Irrawaddy 210110)
- ထိုင်း-မြန်မာနယ်စပ် နယ်လှည့် ကျန်းမာရေးအဖွဲ့များ၏ အရေးပေါ် ခွဲစိတ်ကုသမှုများ ပြုလုပ်ရာ၌ နေရောင်ခြည်စွမ်းအင်သုံး ကိရိယာများနှင့် ပတ်သက်၍ သင်တန်းပေးခဲ့သူ မစ္စတာ Walt Ratterman သည် လူပေါင်း သောင်းနှင့်ချီ၍ သေဆုံးနေသော ဟေတီ ငလျင်တွင် ပျောက်ဆုံးနေသည်။ (Irrawaddy 210110)
- မဲခေါင်ဒေသသည် လူကုန်ကူးသူများအတွက် လုံခြုံသည့်နေရာ မဟုတ်ကြောင်း မြန်မာပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ပြောသော်လည်း စစ်အစိုးရအနေဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေး အားနည်းနေသေးကြောင်း လူ့အခွင့်အရေး လှုပ်ရှားသူများက ပြောသည်။ (Mizzima 210110)
- မြန်မာအလုပ်သမားများ တင်ဆောင်လာသော ဆယ်ဘီးကားတစ်စီးသည် ယနေ့နံနက် ၇ နာရီခန့်တွင် ထိုင်းနိုင်ငံ ဆန်ခလဘူရီမြို့၌ တိမ်းမှောက်ခဲ့ရာ လူ ၁၄ ဦး ဒဏ်ရာရရှိသွားသည်။ (Mizzima 210110)
- ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်တွင် စစ်ဆေးရေးဂိတ်သစ်တစ်ခုကို ဘင်္ဂလားဒေ့ရှ် ရိုင်ဖယ်တပ်မှ ယခုလ ၁၈ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ (Mizzima 210110)
- မန္တလေးကိုရောက်နေသည့် အမျိုးသားဒီမိုကရေစီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်သည့် ဦးဝင်းတင်နှင့် ဦးအုန်းကြိုင်တို့က မန္တလေးတိုင်းက အဖွဲ့ချုပ်ပါတီဝင်များနှင့် ယနေ့ တွေ့ဆုံဆွေးနွေးခဲ့သည်။ (DVB 210110)
- ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သရက်ညိုပင်ရွာက လယ်သမားများ အစိုးရစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူရာတွင် ကျေးရွာအာဏာပိုင်က အဓမ္မငွေတောင်းခံသဖြင့် လယ်သမားများ မကျေမနပ် ဖြစ်နေကြသည်။ (DVB 210110)
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO အမှုဆောင်ညွှန်ကြားရေးမှူး ကာရီတာပီယိုလာ ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အောင်လံမြို့က ကျေးရွာများမှ ရွာသားများနှင့် ယနေ့ သွားရောက်ဆွေးနွေးခဲ့ကြောင်း ILO ရန်ကုန်ရုံးအကြီးအကဲ စတိဗ်မာရှယ်က ပြောသည်။ (DVB 210110)
- စစ်အစိုးရက ယခုနှစ်အတွင်း ရွေးကောက်ပွဲ ကျင်းပမည်ဟု ကြေညာထားသော်လည်း ရွေးကောက်ပွဲ လှုပ်ရှားမှုနှင့် ပတ်သက်၍ သတင်းများကို တရားဝင်ရေးသားခွင့် ပိတ်ပင်ထားကြောင်း ရန်ကုန် စာနယ်ဇင်းသမားများက ပြောသည်။ (RFA 210110)
- ၂၀၀၉ ခုနှစ်အတွင်း သျှမ်းပြည်တပ်မတော်နှင့် နအဖ စစ်တပ်အကြား တိုက်ပွဲများစွာဖြစ်ပွားခဲ့က SSA ထက် နအဖ စစ်တပ် ၅ ဆပိုသေဆုံးကြောင်း ၁၀ ကြိမ်မြောက်ညီလာခံတွင် တာဝန်ရှိသူများက ပြောသည်။ (S.H.A.N 210110)
- ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ထာ့ဆောင်ယန်းမြို့နယ်ရှိ နိုဘိုးရွာ ဒုက္ခသည်စခန်းတွင် အခြေချနေထိုင်သော စစ်ပြေး ကရင်ဒုက္ခသည်များကို နေရပ်သို့ ပြန်ရန် ယမန်နေ့က အမှတ် (၃) တိုင်းမှူးကိုယ်တိုင် လာရောက်ဖိအားပေး ပြောဆိုခဲ့သည်ဟု နိုဘိုးစခန်းတာဝန်ခံတစ်ဦးက ပြောသည်။ (KIC 210110)
- ယခုလ တတိယအပတ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက သံဖြူဇရပ်မြို့နယ်ရှိ ကျေးရွာ ဥက္ကဌများကို ခေါ်ယူကာ မိမိကျေးရွာတွင် စည်းရုံးရေးပြန်လည် ဆင်းခိုင်းနေကြောင်း အစည်းအဝေးတက်ရောက်ခဲ့သည့် ဥက္ကဌတစ်ဦးက ပြောသည်။ (IMNA 210110)
- အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်ထမ်းဆောင်နေကြသည့် အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားများကို ရာထူးအဆင့် မခွဲခြားဘဲ တပြေးညီ ကျပ်နှစ်သောင်း တိုးမြှင့်ပေးသော်

လည်း အငြိမ်းစားဂန်ထမ်းများ၏ ပင်စင်ကြေးများကို တိုးမြှင့်ခြင်းမရှိကြောင်း လက်ထောက်ဂျင်နီယာ ဂန်ထမ်းဟောင်း တစ်ဦးက ပြောသည်။ (IMNA 210110)

**ဇန်နဂါရီလ (၂၂)ရက်**

- စစ်အစိုးရ နယ်ခြားစောင့်တပ် အသွင်းပြောင်းလဲရေးကို လက်ခံလိုက်သည့် NDA-K အဖွဲ့ ဗဟိုကော်မတီဂင်များကို ကားပါမစ်တစ်စောင်စီး ထုတ်ပေးလိုက်ခြင်းသည် ဒေသတွင်း လက်နက်အပ်ရန် ကျန်နေသည့် ကိုစ္စအဆင်ပြေစေရေး ရည်ရွယ်ပုံရကြောင်း မြစ်ကြီးနားမှ NDA-K တပ်ဖွဲ့ဂင်ဟောင်းတစ်ဦးက ပြောသည်။ (NEJ 220110)
- ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည် နေထိုင်သည့် နေအိမ်ပြင်ဆင်မှုကို ရပ်တန့်ပေးရန် ဒေါ်အောင်ဆန်းစုကြည်၏ အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးက ၎င်းတို့ရှေ့နေ ဦးဟန်တိုးမှတဆင့် တားဂရမ်းလျှောက် ထားလိုက်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးဉာဏ်ဂင်းက ပြောသည်။ (NEJ 220110)
- နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများ တည်ဆောက်ရေး လုပ်ငန်းခွင်များ၊ ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့် ပေးအပ်မှု နောက်ကျကြောင်း စီးပွားရေးပညာရှင် အသိုင်းအပိုင်းက သုံးသပ်သည်။ (NEJ 220110)
- မကြာသေးခင်က အသွင်ပြောခဲ့သည့် နယ်ခြားစောင့်တပ်ရင်းများတွင် ထွက်ပြေးမှုများ ရှိနေသကဲ့သို့ တပ်မှတ်ထွက် ခွင့်ရထားသူများကိုလည်း ယခုအချိန်ထိ ပင်စင်လစာ ထုတ်မပေးနိုင်သေးကြောင်း ကိုးကန့်ဒေသနှင့် နီးစပ်သူတစ်ဦး က ပြောသည်။ (NEJ 220110)
- ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေယာဉ်တစ်ဦး ယနေ့နံနက်ပိုင်းက ပျက်ကျခဲ့ရာ အသက် (၂၃) နှစ်အ ရွယ် ပိုင်းလော့ဗိုလ်ကြီး ပြည့်ဖြိုးမျိုးသည် သေဆုံးသွားကြောင်း မင်္ဂလာဒုံလေတပ်မှ အရာရှိတစ်ဦးက ပြောသည်။ (NE J 220110)
- ဖွံ့ဖြိုးဆဲ နိုင်ငံများအား သဘာဂပတ်ဂန်းကျင်ဆိုင်ရာ အကူအညီများနှင့် ဖွံ့ဖြိုးရေးအကူအညီများ တိုးပေးကြရန် စစ် အစိုးရ နိုင်ငံခြားရေးဂန်ကြီး ဦးဉာဏ်ဂင်းက ယခုလ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် တိုကျိုမြို့၌ ကျင်းပသည့် အရှေ့ အာရှနှင့် အမေရိကန် ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အစည်းအဂေးတွင် တောင်းဆိုလိုက်သည်။ (NEJ 220110)
- "အာနာရှူးကြီး မူးကြီးသန်းရွှေ" ဟူသည့် စာသားပါသော ကဗျာကို ရေးသားမှုကြောင့် ရမည်းသင်းထောင်တွင် ထောင်ဒဏ် ၂ နှစ် ကျခံနေရသည့် ကဗျာဆရာ စောဂေသည် ယခုလ ၂၁ ရက်နေ့က လွတ်ရက်စေ့ပြီဖြစ်သော်လည်း အာဏာပိုင်များက ပြန်မလွှတ်သေးကြောင်း မိသားစုဂင်များက ပြောသည်။ (Irrawaddy 220110)
- ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ကာကွယ်ရေး ဂန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ယခုလ ၂၀ ရက်နေ့က လာရောက်ကာ ဗန်းမော်မှတဆင့် တရုတ်နိုင်ငံသို့ တပိုင်တနိုင် သစ်တင်ပို့နေသည့် မှောင်ခိုလမ်းကြောင်းကို တစ်ရက် ကြာ ပိတ်ပင်ခဲ့ရာမှ ယမန်နေ့က ပြန်ဖွင့်လိုက်သည်။ (Mizzima 220110)
- ထိုင်းအစိုးရက ရွှေ့ပြောင်းအလုပ်သမားများ မှတ်ပုံတင်ခွင့် သက်တမ်းကို နောက်ထပ် ၂ နှစ် တိုးပေးလိုက်သော် လည်း ထိုင်းနိုင်ငံရှိ အလုပ်သမား အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများက ပြောသည်။ (Mizzima 220110)
- မြစ်ကြီးနားမြို့ရှိ အစွလာမ်ဘာသာဂင်များထံမှ ၂၀၁၀ ရွေးကောက်ပွဲတွင် မဲရရှိရေးအတွက် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့ဂင်များက ယခုလဆန်းမှစ၍ ကြိုးပမ်းဆောင်ရွက်နေသည်။ (Mizzima 220110)
- ကြိုတင် ငွေဖြည့်ကဒ်သုံး CDMA-800 မဂ္ဂါဟက်ဇ် တယ်လီဖုန်းများ ရောင်းချမှုနှင့်ပတ်သက်၍ ထူးထရေးဒင်းကုမ္ပဏီ သည် လက်ဂါးကြီးအုပ်ချယ်လှယ်နေဖြင်းသာဖြစ်သည်ဟု မိုဘိုင်းပစ္စည်း အရောင်းဆိုင်များက ပြစ်တင်ပြောကြား လိုက်သည်။ (Mizzima 220110)
- အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် ကလေးများကို စစ်သားအဖြစ် စုဆောင်းမှု ပပျောက်ရေး ဆောင်ရွက်ရန် မြန်မာစစ် အစိုးရနှင့် ကမ္ဘာ့အလုပ်သမား အဖွဲ့ချုပ် ILO အကြား နားလည်မှုစာချွန်လွှာ သက်တမ်းတစ်နှစ် ထပ်တိုးလိုက်သော် ချိန်တွင် ကလေးစစ်သား စုဆောင်းမှု ရှိနေဆဲဖြစ်သည်။ (DVB 220110)

- မြန်မာစစ်အစိုးရကို ချမှတ်ထားသည့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ စီးပွားရေးပိတ်ဆို့အရေးယူမှုသည် လက်ရှိသတ်မှတ်ထားချက်နှင့် မလုံလောက်သေးကြောင်း နော်ဝေ-မြန်မာကော်မတီက ယမန်နေ့က ပြောကြားလိုက်သည်။ (RFA 220110)
- မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ဆိုင်ဂလုံးနာဂစ်လေမုန်တိုင်း ထက်ပို၍ တိုင်းပြည်ပျက်စီးစေသည်ဟု ဖိလစ်ပိုင် အထက်လွှတ်တော်အမတ်နှင့် နိုင်ငံတကာ ပါလီမန်အမတ်များ သမဂ္ဂ IPU ၏ ဥက္ကဋ္ဌဖြစ်သည့် Mr. Aquilino Pimentel က ယမန်နေ့က ပြောကြားလိုက်သည်။ (RFA 220110)
- မြန်မာစစ်အစိုးရ၏ အဆင့်မြင့်အရာရှိပိုင်း တိုက်ရိုက်ဆက်ဆံရေး ထူထောင်ခဲ့သော်လည်း မြန်မာအမေရိကန် ဆက်ဆံရေး ရှေ့ဆက်နိုင်ရန် မြန်မာစစ်အစိုးရဖက်က ရှင်းလင်းပြတ်သားသည့် ခြေလှမ်းများကို အမေရိကန်ဖက်က စောင့်နေဆဲဟု အမေရိကန်နိုင်ငံခြားရေးဌာနက ထိပ်တန်းအရာရှိတစ်ဦးက ပြောသည်။ (RFA 220110)
- ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်အတွင်းရှိ တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA) ၏ ထိန်းချုပ်နယ်မြေအတွင်း၌ တပ်သားသစ်များ အဓမ္မ ကောက်ယူနေသည်။ (NMG 220110)
- ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် တရုတ်နိုင်ငံမှ ၃ တန်အထက် ဘယ်မောင်း တော်တော်ကားကြီးများ ယခုလ ၁ ရက်နေ့မှစ၍ နယ်စပ် လမ်းကြောင်းများမှတဆင့် တရားဝင်တင်သွင်းခွင့် ပြုထားကြောင်း သျှမ်းပြည် (မြောက်ပိုင်း) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုံရှိ ကုန်သယ် အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 220110)
- ရှမ်းပြည် အရှေ့မြောက်ပိုင်း ကိုးကန့်နယ်မြေအတွင်းရှိ လောက်ကိုင်နှင့် ကုန်းကြမ်း မြို့အကြား တာရွှေထန်ကျေးရွာရှိ ဂိတ်စောင့်တာဝန်ကျနေသည့် မြန်မာစစ်အစိုးရ စစ်တပ်အတွင်း အချင်းချင်း ပစ်ခတ်မှုဖြစ်ပွားရာ (၁) ဦးသေဆုံးကာ (၂) ဦး ဒဏ်ရာရရှိသွားသည်။ (NMG 220110)

**ဇန်နဝါရီလ (၂၃)ရက်**

- ဗမာနိုင်ငံလုံးဆိုင် ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်၊ ဗကသ နိုင်ငံခြားရေးရာကော်မတီက ကမကထပြုကာ မဲဆောက်မြို့ရှိ မြန်မာစာသင်ကျောင်း အထက်တန်းကျောင်းများမှ ကျောင်းသားများအတွက် စကားစစ်ထိုးပွဲတစ်ရပ် ယနေ့ညနေပိုင်းက ပြုလုပ်ခဲ့သည်။ (RFA 230110)
- ချိတ်ပိတ်ခံထားရသည့် ခြောက်နှစ်ရှိပြီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ရန်ကုန်တိုင်း) ရုံးခန်းကို ပြန်လည်ဖွင့်ခွင့်နှင့် ပြင်ဆင်ခွင့်အတွက် လွန်ခဲ့သည့်နေ့ အောက်တိုဘာလက မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ကို တင်ပြထားသော်လည်း ယခုချိန်ထိ အကြောင်းမပြန်သေးကြောင်း ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီ ဒုဥက္ကဋ္ဌ ဒေါက်တာ သန်းငြိမ်းက ပြောသည်။ (RFA 230110)
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO အမှုဆောင် ညွှန်ကြားရေးမှူး မစ္စတာ တာဗီယိုလာနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းက လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ကလေးစစ်သား အရေးများကို ILO နှင့် ဆက်သွယ်ကူညီနေသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ အစည်းအဝေးခန်းမဆောင်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (RFA 230110)
- မိဘများ၏ ကလေးသူငယ်များကျန်းမာရေး အသိပညာပေး နည်းပါးမှုကြောင့် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ချင်းပြည်နယ်မှ ကလေးသူငယ်များသည် ရောဂါဘယ် ကူးစက်ခံရမှု အန္တရာယ် ရှိနေသည်ဟု ယမန်နေ့က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားရေးဌာန သတင်းစာစောင်တွင် ဖော်ပြထားသည်။ (RFA 230110)
- ကချင်ပြည်နယ်တွင် လွန်ခဲ့သည့်အပတ် တနင်္လာနေ့က မြစ်ဆုံရေကာတာ စီမံကိန်းကြောင့် အခက်အခဲပြဿနာများ ကြုံတွေ့နေရသည့် ဒေသခံများနှင့် လီဒိုလမ်းမတလျှောက် စီးပွားရေးစီမံကိန်းအသစ်များကြောင့် ဒုက္ခရောက်နေသည့် ကချင်လူထုများ အရာရာပြေလည်ငြိမ်းချမ်း သွားစေရန်ရည်ရွယ်ကာ ဆုဆောင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ (KNG 230110)

**ဇန်နဝါရီလ (၂၄)ရက်**

- အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည့် ဒေါ်အောင်ဆန်းစုကြည်၏ အစ်ကိုဖြစ်သူ ဦးဆောင်ဆန်းဦးကို နေအိမ်ပြင်ဆင်ရေး၊ ပိုင်ဆိုင်မှု အပါအဝင် အနှောင့်အယှက် အမျိုးမျိုးပေးနေမှုကို ရုပ်သိမ်းပေးရန် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီးက ယနေ့ နေ့စွဲဖြင့် အိပ်ဖွင့်ပေးစာတစ်စောင် ပေးပို့လိုက်သည်။ (RFA 240110)
- ဒေါ်အောင်ဆန်စုကြည်ကို ယခုနှစ် နိုဝင်ဘာလအတွင်း နေအိမ်အကျယ်ချုပ်က လွှတ်ပေးမည်ဟု မြန်မာစစ်အစိုးရ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မွန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့တွင် လွန်ခဲ့သည့် ရက်ပိုင်းအတွင်းက ထုတ်ဖော်ပြောဆိုခဲ့ကြောင်း မြို့ခံတစ်ဦးက ပြောသည်။ (RFA 240110)
- ဂျပန်နိုင်ငံ တိုကျိုမြို့ကို ယနေ့တွင် သွားရောက်ဖျော်ဖြေရန် စီစဉ်ထားသည့် လူရွှင်တော် မေတ္တာ ဦးဆောင်သည့် Tokyo Sakuya ပျော်စရာအငြိမ့်အဖွဲ့သည် ယခုလ ၂၂ ရက်နေ့ညက ဂျပန်ကို ထွက်ခွာရန်အသွား ရန်ကုန်လေဆိပ်၌ အာဏာပိုင်များက တားဆီးကာ နိုင်ငံကူးလက်မှတ်များပါ သိမ်းဆည်းခဲ့သည်။ (RFA 240110)

**ဇန်နဝါရီလ (၂၅)ရက်**

- စစ်အစိုးရအနေဖြင့် တပ်တွင်းပြောင်းလဲမှု အကြီးမားဆုံး လုပ်ရတော့မည်ဟု စစ်အရာရှိတစ်ဦးက ပြောသည်။ (Yoma3 250110)
- ရခိုင်ပြည်နယ် မြို့နယ်အနှံ့အပြားတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ မဲဆွယ်စည်းရုံးရေးများကို ပြုလုပ်နေရာ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် တစည ပါတီ အနိုင်မရပါက ပြည်သူများ ဒုက္ခရောက်နိုင်ကြောင်း မဲဆွယ်စည်းရုံးနေသည်ဟု အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။ (Narinjara 250110)
- ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံများကို ဂျာနယ်တိုက်များတွင် အသုံးပြုရန် သတင်းနှင့်ပြန်ကြားရေးဌာနက ပေးလေ့ရှိသော်လည်း ယခုနောက်ဆုံး ဦးအောင်ကြည်နှင့် တွေ့ဆုံသည့်ပုံမှစ၍ မပေးတော့ကြောင်း ဂျာနယ်တိုက်များမှ ဆိုသည်။ (NEJ 250110)
- ရန်ကုန်တွင် ကားဂပ်ရှော့နှင့် အသေးစားစက်မှုလုပ်ငန်းများအားလုံးကို ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်များတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး လုပ်ငန်းက ဖော်ထုတ်ပေးထားသည့် မြေကွက်များတွင် ပြောင်းရွှေ့လုပ်ကိုင်ရန် နောက်ဆုံးထားသတိပေးထားကြောင်း တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက (တယက) မှ ဆိုသည်။ (NEJ 250110)
- နောက်ထပ် တည်ဆောက်မည့် ဧရာဝတီ မြစ်ကူးတံတားကြီး (၄) စင်း ဆောက်လုပ်ခွင့်အတွက် တရုတ် CMAC Engineering Group Co.Ltd မှ ယခုလ ၂၂ ရက်နေ့က စစ်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းနေကြောင်း စစ်အစိုးရပိုင် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။ (NEJ 250110)
- ရှမ်းပြည်မြောက်ပိုင်း၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ခေါ် ဝတပ်ဖွဲ့ထိန်းချုပ်ရာ နယ်မြေအနီးတပ်စွဲထားသည့် နအဖစစ်တပ်ရှေ့တန်းစခန်းမှ စစ်သည်များ ထွက်ပြေးမှု များပြားလာကာ တပ်ပြေးများကို ပစ်သတ်သည်အထိ ရှိလာနေသည်။ (NEJ 250110)
- မကြာသေးမီက ဗန်းမော်-လွယ်ဂျယ်လမ်းပေါ်တွင် ဆန်များကို ဖမ်းဆီးပြီးနောက်ပိုင်း နယ်စပ်ကုန်သွယ်ရေး (နကသ) အမည်ဖြင့် မှောင်ခိုကုန်သွယ်မှုများ ရပ်နားထားရ၍ ဗန်းမော်-မန္တလေး ဧရာဝတီမြစ်ကြောင်း သင်္ဘောခရီးစဉ်တွင် ကုန်မပါသလောက် ဖြစ်နေသည်။ (NEJ 250110)
- မဲဆောက်ရှိ ဟန်ထိုင်း အထည်ချုပ်စက်ရုံတွင် မြန်မာအလုပ်သမား (၁,၅၀၀) ခန့်ကို အလုပ်ရှင်က ကြိုတင်အကြောင်းမကြားဘဲ စက်ရုံကို ယာယီ (၃) လ ပိတ်လိုက်သဖြင့် အခြေအနေအမှန် သိရှိနိုင်ရန်အတွက် အလုပ်သမားများက စုံစမ်းမှုများ ပြုလုပ်နေသည်။ (NEJ/ Mizzima 250110)
- ယခုလ ၂၃ ရက်နေ့က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ အိုဆာကာ ဖိနပ်ချုပ်စက်ရုံမှ မြန်မာအလုပ်သမားများက ဒေသခံထိုင်းအလုပ်သမားများနှင့်အတူ အလုပ်သမား အခွင့်အရေး တန်းတူရရှိရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ (NEJ 250110)

- ရခိုင်ပြည်နယ်အတွင်း မြန်မာငွေ စက္ကူ အကြွေအဖြစ် သုံးစွဲသော တိုကင် လက်မှတ် ကျပ် ၉ သိန်းကျော်တန်ဖိုးအား ယခုလ ၁ ရက်နေ့က မောင်တောမြို့နယ် ကညင်တောရွာတွင် အာဏာပိုင်များက ဖမ်းဆီးရမိခဲ့ကြောင်း ဒေသခံ ကျောင်းဆရာမတစ်ဦးက ပြောသည်။ (Irrawaddy 250110)
- မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ နယ်စပ်ဒေသ စစ်ဆေးရေးနှင့် ကွပ်ကဲရေး နယ်မြေမှ နယ်မြေမှူး ၉ ဦးကို နေရာ ပြောင်းရွှေ့မှုများ ယခုလ ၁၉ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း မောင်တောမြို့ ကျီးကန်းပြင်ရွာ အခြေစိုက် နစက ဌာနချုပ် ရှိ နစက တပ်ကြပ်ကြီးတစ်ဦးက ပြောသည်။ (Mizzima 250110)
- ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမည်ဟု ပြောဆိုခြင်း သည် တရားမဝင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ ပြောကြားလိုက်သည်။ (Mizzima 250110)
- ကဗျာဆရာ ကိုစောဝေသည် ယခုလ ၂၁ ရက်နေ့တွင် လွတ်ရက်စေ့ခဲ့သော်လည်း ယနေ့တိုင် ပြန်လွတ်မလာသဖြင့် အမြန်ဆုံး ပြန်လွှတ်ပေးရန် ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာ နိုင်ငံ) AAPP-B က တောင်းဆိုလိုက်သည်။ (Mizzima 250110)
- ရခိုင်ပြည်နယ် နယ်စပ်မြို့ မောင်တောမှ ဝင်ရောက်လာသော ဘိန်းဖြူ၊ အရက်နှင့် ဘီယာများကို ဘင်္ဂလားဒေ့ရှ် မြို့နယ် ၃ မြို့နယ်အတွင်း ဘင်္ဂလား နယ်ခြားစောင့်တပ် BDR က ယခုလ ၂၁ ရက်နေ့တွင် ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခဲ့ရာ ကာလတန်ဖိုး ကျပ် ၁၃၈ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း ကော့စ်ဘာဇားနေ့စဉ်ထုတ် သတင်းစာဖြစ် သည့် The Daily Himchari သတင်းစာတွင် ဖော်ပြထားသည်။ (Mizzima 250110)
- ILO အဖွဲ့ကို သတင်းပေးမှုဖြင့် ဖမ်းဆီးခံနေရသူများကို ပြန်မလွတ်ပေးသေးသည့်အပြင် ၎င်း၏ ခရီးစဉ် သီတင်းတစ် ပတ်အတွင်း၌ပင် ကလေးစစ်သား ဖမ်းဆီးမှု ၃ ခု ဖြစ်ပွားခဲ့သဖြင့် ခရီးစဉ်အပေါ် အားရကျေနပ်မှု မရှိကြောင်း ILO အရာရှိတစ်ဦးက ပြောသည်။ (DVB 250110)
- နိုင်ငံတော် လျှို့ဝှက်ချက် ပေါက်ကြားမှုနှင့် သေဒဏ်ချမှတ်ထားသည့် ဗိုလ်မှူးဟောင်း ဝင်းနိုင်ကျော်ကို အင်းစိန် ထောင်မှ သာယာဝတီထောင်သို့ ပို့လိုက်ကြောင်း ထောင်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (DVB 250110)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုကော်မတီစီကို ဒီမိုကရေစီနည်းကျရွေးချယ်ပေးရန် မန္တလေးတိုင်း မိတ္ထီလာ မြို့နယ်အဖွဲ့ချုပ်က ပုံမှန်လပတ်အစည်းအဝေးမှ အဖွဲ့ချုပ်ဗဟိုကို ယနေ့ တောင်းဆိုလိုက်သည်။ (DVB 250110)
- နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရောဝတီတိုင်း ဖျာပုံမြို့နယ်အတွင်းက ပင်လယ်ပြင် ငါးဖမ်းထွက်သည့် အကြီးစား ရေလုပ်ငန်းရှင်အများစုသည် လုပ်ငန်းများ စတင်လုပ်ကိုင်လာနိုင်ကြသော်လည်း ရေထွက်ပစ္စည်း ဈေးနှုန်းများ ကျဆင်းနေသဖြင့် အရှုံးပေါ်နေကြသည်။ (RFA 250110)
- ကယားပြည်နယ် ဒီမောဆိုမြို့နယ်အတွင်းက လျှပ်စစ်ဓာတ်အားပို့ တာဝါတိုင်တစ်တိုင်ကို ကရင်နီအမျိုးသား တိုးတက် ရေးပါတီ KNPP က ယခုလ ၂၃ ရက်နေ့ညပိုင်းတွင် မိုင်းထောင် ဖောက်ခွဲခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက် သွားကြောင်း မြန်မာ့အလင်းသတင်းစာ၏ ရေးသားဖော်ပြချက်သည် ၎င်းတို့လုပ်ခဲ့ကြောင်း ကရင်နီတပ်မတော် စစ်ဦး စီးချုပ် ဗိုလ်ချုပ်ဘီထူးက ပြောသည်။ (RFA 250110)
- တရုတ်မြန်မာ နယ်စပ်အခြေစိုက် UWSA ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်ဖွဲ့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသထဲ ရောက်လာကြသည့် ဂီဂါလူမျိုး ၁၈ ဦးကို ယခုလ ၁၈ ရက်နေ့တွင် တရုတ်အာဏာပိုင်များ လက်ထဲ UWSA က ပြန်လည်အပ်နှံခဲ့ကြောင်း တရုတ်အင်တာနက် ဘလော့သတင်းများတွင် ယနေ့ ဖော်ပြထားသည်။ (RFA 250110)
- ကရင်ပြည်နယ် ညောင်လင်းပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် နအဖ စစ်တပ်များ စစ်ရေးလှုပ်ရှားလာ သည့် ယခုလဆန်းပိုင်းမှစ၍ ဒေသခံရွာသားများ ထွက်ပြေးတိမ်းရှောင်နေရသဖြင့် စာသင်ကျောင်း (၅) ကျောင်းကို ပိတ်ထားလိုက်ရကြောင်း ဒေသခံများက ပြောသည်။ (KIC 250110)
- ရခိုင်ပြည်နယ်မှ ထွက်ရှိသော စပါးများကို စစ်တပ်မှ ဈေးနှိမ်၍ ဝယ်ယူလိုသဖြင့် ယခုအခါ ရခိုင်ပြည်နယ်အတွင်း ဆန်စပါး သယ်ယူခွင့်ကို ပိတ်ထားလိုက်ပြီဖြစ်သည်ဟု အမည်မဖော်လိုသူ လယ်သမားတစ်ဦးက ပြောသည်။ (Narin jara 250110)

**ဇန်နဝါရီလ (၂၆)ရက်**

- ရန်ကုန်တိုင်း စစ်ဌာနချုပ် ညွှန်ကြားချက်အရ ဆန္ဒပြမှုများဖြစ်လာခဲ့ပါက မည်သို့ခြေမှုန်းမည်ကို တပ်နယ်အသီးသီးကို ညွှန်ကြားထားသည်။ (Yoma3 260110)
- မြန်မာစစ်အစိုးရ ထိန်းချုပ်မှုအောက်ရှိ ရှမ်းပြည်မြောက်ပိုင်း ပလောင်ဒေသတွင် လွန်ခဲ့သည့် (၃) နှစ်တာကာလ အတွင်း ဘိန်းစိုက်ပျိုးမှု (၅) ဆနီးပါး မြင့်တက်လာသည်ဟု ဒေသတွင်း ဘိန်းစိုက်ပျိုးမှုများကို (၂) နှစ်ကြာ သုတေသနပြုခဲ့သည့် ပလောင်အမျိုးသမီးအစည်းအရုံး (PWO) က ယနေ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ၌ ပြောကြားလိုက်သည်။ (NEJ/ Yoma3/ Irrawaddy/ Mizzima 260110)
- ယမန်နေ့ ညနေ ၅ နာရီကျော်ခန့်တွင် ရန်ကုန် ဗဟန်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးငြိမ်းသတ်ရန် အလွယ်တကူ မီးသတ်သားများ မဝင်နိုင်သဖြင့် နေအိမ် (၁၃) လုံး မီးလောင်ပျက်စီးခဲ့သည်။ (NEJ/ Irrawaddy 260110)
- ရန်ကုန်မြို့ရှိ ကျောင်းသားများ စာသင်ကြားမှုစရိတ် မြင့်သည့်အတွက် အပြင်ကျူရှင်များတွင် တက်ရောက်နိုင်ခြင်းမရှိသည်ကို ကြံ့ဖွံ့က အခွင့်ကောင်းယူကာ အခမဲ့ကျူရှင်များ ဖွင့်လှစ်သင်ကြားပေး၍ စည်းရုံးမှု ပိုမိုလုပ်လာကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ (NEJ 260110)
- ကချင်ပြည်နယ် ဖန်းမော်ခရိုင်အတွင်း ရရှိသော ဖမ်းဆီးသစ်များကို အောင်မိုင်ကုမ္ပဏီက တရုတ်ပြည်သို့ မှောင်ခိုခိုးထုတ်နေသည်ဟု ဒေသခံ ကုန်သည်တစ်ဦးက ပြောသည်။ (NEJ 260110)
- ထိုင်းနိုင်ငံရောက် မွန်လူမျိုးများ၏ ၆၃ ကြိမ်မြောက် မွန်အမျိုးသားနေ့ကို ဘန်ကောက်မြို့ အနီးရှိ အုထုံဌာနီ ခရိုင်တွင် ယခုလ ၂၄ ရက်နေ့က ပြုလုပ်ခဲ့သည်။ (Irrawaddy 260110)
- ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ကာ အစိုးရဝန်ထမ်းများ လစာတိုးသည့် သတင်းနှင့်ပတ်သက်၍ ပြည်တွင်းသတင်း ဂျာနယ်များတွင် ဖော်ပြခွင့် မရကြောင်း ဂျာနယ်အသိုင်းအဝိုင်းက ပြောသည်။ (Irrawaddy 260110)
- ကရင်ရွာများကို မီးရှို့ဖျက်ဆီးကာ ရွာသားများကို သတ်ဖြတ်နေခြင်းသည် နယ်မြေ စိုးမိုးလိုခြင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲကို အာရုံမစိုက်နိုင်အောင် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU က ပြောသည်။ (Mizzima 260110)
- ရှမ်းပြည်အရှေ့ခြမ်း တာချီလိတ် တဖက်ကမ်းရှိ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ Osaka ဖိနပ်ချုပ် စက်ရုံတွင် လုပ်အားခတိုးမြှင့်ပေးရန် ဆန္ဒပြပွဲကို ဦးဆောင်သူ အလုပ်သမား ၄ ဦး ယနေ့ အလုပ်ထုတ်ခံရသည်။ (Mizzima 260110)
- မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပထမဆုံး စည်းရုံးရေး ခရီးစဉ်အဖြစ် ယမန်နေ့ မြင်းခြံမြို့ကို သွားရွေးမြင်းခြံမြို့ကို သွားရောက်ခဲ့ကာ ခရိုင်အတွင်းရှိ မြို့နယ်စည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတစ်ခု ပြုလုပ်ခဲ့သည်။ (DVB 260110)
- ရခိုင် ပင်လယ်ပြင်တွင် အခြေစိုက်ထားသော ရေတပ်သင်္ဘောများနှင့် အမြောက်တပ်ရင်းများမှ ပင်လယ်ပြင်နှင့် မြစ်ချောင်းများတွင် သွားလာနေသော ပုဂ္ဂလိက မော်တော်ဘုတ်များနှင့် လှေသမ္ဗာန်များမှ မတရားသဖြင့် ငွေကောက်နေသဖြင့် ရခိုင်လူထုအနေဖြင့် အထူးဒုက္ခတွေ့နေကြသည်။ (Narinjara 260110)
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စား အထူးကိုယ်စားလှယ် မစ္စတာ တောမတ် ကင်တားနားကို သူတင်ပြတောင်းဆိုထားသည့် စာအတိုင်း လာမည့်လ တတိယအပတ်တွင် မြန်မာနိုင်ငံကို လာရောက်ရန် စစ်အစိုးရက သဘောတူ ခွင့်ပြုလိုက်ကြောင်း မစ္စတာ ကင်တားနားကိုယ်တိုင်က ယနေ့ ပြောကြားလိုက်သည်။ (RFA 260110)
- စစ်အစိုးရအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဝေဖန်မှုများကို ခုခံကာကွယ်ရန် အဓိကကျသည့် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ မြန်မာနိုင်ငံအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံအမတ်နေရာသစ် တစ်နေရာ ထပ်မံတိုးချဲ့ ဖွဲ့စည်းလိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ အမိန့်စာတွင် ဖော်ပြထားသည်။ (RFA 260110)
- မကွေးတိုင်း တောင်တွင်းကြီးမြို့ အောင်ဇေယျာကွက်သစ်တွင် နေထိုင်သည့် အသက် ၁၄ နှစ်အရွယ် မောင်ကျော်မင်းထွန်းနှင့် ကိုဖြိုးဆိုသူ ဆယ်တန်းကျောင်းသားနှစ်ဦးကို တပ်မ (၈၁) က စစ်သားတစ်ဦးက ယခုလ ၁၉ ရက်နေ့တွင် ခေါ်ဆောင်ကာ စစ်သားသစ်အဖြစ် စုဆောင်းခဲ့သည်။ (RFA 260110)

- ကလေးစစ်သားအဖြစ် စုဆောင်းခံရသည့် ပဲခူးမြို့အထက်တန်းကျောင်းအမှတ် (၃) က ၁၀ တန်းကျောင်းသား မောင်ဇေဦးချိုသည် မိခင်နေအိမ်ကို ယမန်နေ့က အိမ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ (RFA 260110)
- ကချင်ပြည်နယ်၊ ဖန်းမော်မြို့မှ တရုတ်-မြန်မာနယ်စပ် လွယ်ဂျယ်မှတဆင့် တရုတ်ပြည် အတွင်းသို့ ဆန်တင်ပို့မှုများကို ဖမ်းဆီးနေသော်လည်း မြစ်ကြီးနား-လိုင်ဇာလမ်းမှတဆင့် ဆန်တင်ခွင့်ပြုထားသည်။ (NMG 260110)
- ကရင်ပြည်နယ်မြောက်ပိုင်းရှိ တောင်ငူဒေသတွင် နအဖ စစ်ကြောင်းများ၏ လှုပ်ရှားမှုကြောင့် ပုန်းအောင်းနေထိုင်ကြရသည့် ဒေသခံရွာသားများသည် ဂမ်းစာအတွက် အလုပ်လုပ်ကြရကာ သတ်ဖြတ်ခံရသည်အထိ အသက်အန္တရာယ်ကြုံနေရသည်။ (KIC 260110)
- လွန်ခဲ့သည့်နှစ်က နအဖနှင့် DKBA တို့၏ ထိုးစစ်ကြောင့် ထိုင်းနယ်စပ်သို့ ထွက်ပြေးရောက်ရှိလာသည့် စစ်ပြေးကရင်ဒုက္ခသည်များကို မြန်မာပြည်သို့ ပြန်ပို့မည်ဖြစ်ကြောင်း ထိုင်းအာဏာပိုင်များက ယနေ့ ဆုံးဖြတ်လိုက်သည်။ (KIC 260110)
- ကရင်နီပြည်တွင်းရှိ ပြည်ပသတင်းမီဒီယာများနှင့် ထိတွေ့မှုခက်ခဲသည့် နေရာတွင် ကနေဒါနိုင်ငံရောက် ကရင်နီအမျိုးသား လူမှုအသိုင်းအဝိုင်းမှ ဒုက္ခဆင်းရဲ များစွာဖြင့် နေထိုင်နေရသော ကရင်နီလူမျိုးများ၏ ဘဝအခြေအနေ အရပ်ရပ်အား ဖေးမကူညီဖြေရှင်းပေးကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားသွားမည်ဟု ထုတ်ပြန်ကြေညာလိုက်သည်။ (Kantarawaddy Times 260110)
- မြန်မာနိုင်ငံမှ တရားမဝင် ဝင်ရောက်နေထိုင်သော ရိုဟင်ဂျာဆိုသူများကို ဘင်္ဂလားမှ အလုပ်လိုက်ထုတ်ကာ အဆိုပါလစ်လပ်သွားသော နေရာများတွင် ဒေသခံ အလုပ်သမားများကို အလုပ်ပေးရန်အတွက် အိုခီးယားမြို့ (Ukhiya) တွင် ဒေသခံ ကျောင်းသားနှင့် လူငယ်များက ဆန္ဒပြကြသည်။ (Narinjara 260110)

## ဇန်နဝါရီလ (၂၇)ရက်

- မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသအတွင်းသို့ နအဖစစ်တပ်က စစ်ရေးအရ ဝင်ရောက်ကျူးကျော်နေမှုများ ယခုတလော၌ ဆက်တိုက်ဖြစ်ပွားနေသည်။ (NEJ 270110)
- ဗမာပြည် ကွန်မြူနစ်ပါတီသို့ တောခိုသွားခဲ့ကာ ကရင့်တော်လှန်နယ်မြေတွင် ကျဆုံးခဲ့သည့် နာမည်ကြီးစာရေးဆရာ နိုင်ဝင်းဆွေ၏ ဂတ္တု (၂) အုပ်ကို ပြန်လည်ထုတ်ဝေခွင့် ပြုလိုက်ကြောင်း စာပေစိစစ်ရေးရုံးမှ စာစစ်မှူးတစ်ဦးက ပြောသည်။ (NEJ 270110)
- ပြည်တွင်းသတင်းရယူမှုဖြင့် စစ်အစိုးရ၏ နှစ်ရှည်ထောင်ဒဏ်ချခံထားရသည့် သတင်းထောက် မလှလှဝင်းနှင့် ကိုဝင်းမော်တို့ (၂) ဦးကို ယမန်နေ့က ကင်ဂျိနာဂါအိ အမှတ်တရဆုကို ရွေးချယ်ပေးအပ် ခံခဲ့ရသည်။ (NEJ 270110)
- မြန်မာနိုင်ငံအနှံ့ရှိ မြို့နယ်များတွင် စစ်အစိုးရအား ဆန့်ကျင်မည့် ရည်ရွယ်လှုပ်ရှားမှုများ ရှိမရှိ သတင်းပေးရန်အတွက် လူငယ်အချို့အား စည်းရုံးနေကြောင်း ရန်ကုန်မြို့ရှိ ကြံ့ဖွံ့အသင်းဝင်ထားသူ (၁၀) တန်းကျောင်းသားတစ်ဦးက ပြောသည်။ (NEJ 270110)
- ရှမ်းပြည်အရှေ့ပိုင်း၊ အထူးဒေသ (၄)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (ခေါ်) မိုင်းလားတပ်ဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဦးမင်းအိမ်သည် ယနေ့ မိုင်းလားမြို့တွင် လုပ်ကြံခံရ၍ သေဆုံးသွားသည်။ (NEJ 270110)
- ယခုလက်ရှိ နှစ်ရှည်ထောင်ဒဏ် ကျခံနေရသော မြန်မာ့စွယ်စုံ အနုပညာရှင် ကိုသူရ (ခ) ကိုဇာဂနာ၏ ၄၉ နှစ်မြောက် မွေးနေ့ပွဲကို သီးလေးသီး မြန်မာ့အငြိမ့်အဖွဲ့သားများ ဦးစီးကာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည်။ (Irrawaddy 270110)
- ဧရာဝတီမြစ်ဆုံ ရေလှောင်တမံ ဆောက်လုပ်နေခြင်းအား ကန့်ကွက်ကြောင်း ပိုင်းဂန်းလက်မှတ်ရေးထိုးထားသည့် စာကို နိုင်ငံတကာရောက် ကချင်တိုင်းရင်းသားများ တရုတ်အစိုးရသို့ ပေးပို့ရန် ပြင်ဆင်နေသည်။ (Irrawaddy 270110)

- ❑ ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့၌ လူထုစားဝတ်နေရေးနှင့် နိုင်ငံရေး ဆွေးနွေးပွဲတွင် စစ်တပ်ပါ ပူးတွဲဖြေရှင်းစေလိုသည့် စည်းရုံးရေးစားများအား ယခုလ ၂၄ နှင့် ၂၅ ရက်တွင် ဓာတ်တိုင်နှင့် သစ်ပင်များတွင်ကပ်သည့် လှုပ်ရှားမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း နယ်မြေခံ ရဲစခန်းနှင့် ဒေသခံများက ပြောသည်။ (Mizzima 270110)
- ❑ မကွေးတိုင်း တောင်တွင်းကြီးမြို့က ကလေးနှစ်ဦးကို တပ်မ ၈၈ လက်အောက်ခံ စစ်တပ်က အတင်းအကျပ် စစ်တပ်ထဲသွင်းရန် ပြုလုပ်နေသည်။ (DVB 270110)
- ❑ ရန်ကုန် ကမာရွတ်မြို့နယ်က ဆင်မလိုက်ဈေးကို စည်ပင်သာယာရေးက ပြောင်းရွှေ့လိုက်သည်။ (DVB 270110)
- ❑ ဘိုကလေးမြို့၊ (၃) ရပ်ကွက်မှ နေအိမ်တစ်အိမ်တွင် အဝတ်အထည်ပစ္စည်းနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ယမန်နေ့ညက ဖောက်ထွင်းခိုးယူမှုခံခဲ့ရသော်လည်း ရဲတပ်ဖွဲ့က တရားခံပေါ်အောင် ရှာဖွေပေးခြင်းမရှိသေးကြောင်း မြို့ခံတစ်ဦးက ပြောသည်။ (Yoma3 270110)
- ❑ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA သည် သျှမ်းပြည်အတွင်း လက်နက်ကိုင် တပ်ဖွဲ့အားလုံးအနက် အင်အားအတောင့်တင်းဆုံး ဖြစ်သည်ဟုဆိုသော်လည်း မိမိလူမျိုး/တပ်ဖွဲ့/နယ်မြေတစ်ခုထဲအတွက် ကိုယ်လွတ်ရုန်းထွက်လို့မရဟု ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF ဥက္ကဌ မိုင်းအိုက်ဖုန်းက ပြောသည်။
  (S.H.A.N 270110)
- ❑ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်အတွင်းရှိ ပင်းပက်ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် ရွာသားများ၏ မြေယာ ဧက ၄၀၀၀ ကျော် သိမ်းယူသဖြင့် နစ်နာကြေးနှင့် အာမခံချက်များပေးရန် ရွာသားများက တောင်းဆိုလိုက်သည်။
  (NMG 270110)
- ❑ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) ၏ စစ်သင်တန်းစခန်းမှ သင်တန်းဆရာတစ်ယောက်သည် ယခုလ ၂၀ ရက်နေ့က သေနတ်နှစ်လက်နှင့်အတူ ထွက်ပြေးလွတ်မြောက်သွားကြောင်း KIA သတင်းရပ်ကွက်မှ ဆိုသည်။
  (KNG 270110)

## ဇန်နဝါရီလ (၂၈)ရက်

- ❑ လာမည့် ရွေးကောက်ပွဲ လုပ်ငန်းများ ပျက်ပြားသွားစေရန်အတွက် မြန်မာနိုင်ငံ ရေ့နေများကောင်စီ (BLC) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့က ပုံးဖောက်ခွဲမှုများကို ပြုလုပ်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း ယနေ့ထုတ် စစ်အစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ (NEJ/ Irrawaddy 280110)
- ❑ ပဲခူးတိုင်း အနောက်ခြမ်း၊ မိုးညိုမြို့နယ်၊ ထန်းပင်ကုန်းအုပ်စုပိုင် အောက်ရွာလေး ကျေးရွာရှိ လယ်မြေ (၃၀၈) ဧကကို ဒေသခံအာဏာပိုင်များက သိမ်းယူလိုက်ကြကာ ၎င်းလယ်မြေများ၏ မူလအမည်ပေါက် ပိုင်ရှင်များအား တစ်ဧက (၁) သောင်းကျပ်နှင့် သီးစားချလုပ်ကိုင်စေကြောင်း ဒေသခံများက ပြောသည်။ (NEJ 280110)
- ❑ နအဖစစ်အစိုးရသည် ပိတောက်မြေ အသံလွှင့်ဌာနမှတဆင့် လက်ရှိရန်ကုန်မြို့တွင် လျှပ်စစ်မီး ဆိုးဆိုးရွားရွား ပြတ်တောက်နေမှုနှင့်ပတ်သက်၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အဖွဲ့ကို ပြစ်တင်ရှုတ်ချမှုများ ပြုလုပ်နေကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ (NEJ 280110)
- ❑ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ ရဲတပ်ရင်းများသည် အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့များ ဖွဲ့စည်းကာ လက်နက်စုဆောင်းမှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။ (NEJ 280110)
- ❑ ဆန်စပါးဈေး ကျဆင်းစေရန် ရည်ရွယ်ကာ ဆန်နယ်ကျော်တင်ပို့သည်ဟု အကြောင်းပြကာ ယခုလ ၂၅ ရက်နေ့က ရန်ကုန်-မော်လမြိုင်ကားလမ်း စစ်တောင်းတံတား စစ်ဆေးရေးဂိတ်တွင် ဆန်တင်ကား (၁၀) စီးကျော်ကို ဖမ်းဆီးခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဆန်ကုန်သည်တစ်ဦးက ပြောသည်။ (NEJ 280110)
- ❑ နိုင်ငံတကာ အလုပ်သမားအဖွဲ့ (ILO) မှ ထုတ်ဝေသည့် "တို့အိမ်ဖော်အလုပ်သမား-တင့်တင့်တယ်တယ် လုပ်အားရှင်များ" အမည်ရှိ အိမ်ဖော်အလုပ်သမားများအတွက် လမ်းညွှန်စာအုပ် ထုတ်ဝေမှုရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များကလပ် (FCCT) တွင် ကျင်းပခဲ့သည်။
  (Irrawaddy 280110)

- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လာမည့်နိုဝင်ဘာလတွင် လွှတ်ပေးမည်ဟု ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ပြောကြားချက်သည် တရားဥပဒေနှင့် ညီညွတ်မှုမရှိဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြောင်း ရှေ့နေဦးညဏ်ဝင်းက ပြောသည်။ (Irrawaddy 280110)
- ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ထာ့ဆောင်ယန်းမြို့နယ်ရှိ ယာယီဒုက္ခသည်စခန်း နှစ်ခုမှ ကရင်ဒုက္ခသည်များကို ပြန်ပို့လျှင် လုံခြုံရေး တာဝန်မယူနိုင်ကြောင်း တိုးတက်သော ဗုဒ္ဓဘာသာကရင် တပ်မတော် DKBA က ပြောသည်။ (Mizzima 280110)
- အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးရန် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ လွှတ်ပေးသင့်ကြောင်း ပြည်တွင်းရှိ အတိုက်အခံနိုင်ငံရေးသမားများက ပြောသည်။ (Mizzima 280110)
- မြန်မာစစ်အစိုးရက ယမန်နေ့က ခွင့်ပြုခဲ့သည့် လက်ကျန်ဆန်များကို ဆက်၍တင်ပို့ခွင့်ပြုနေကာ ယနစ်ထွက်သည့် ဆန်းများကို တင်ပို့ခွင့်မပြုသေးကြောင်း ဦးပိုင်ကုမ္ပဏီကို ဆန်သွင်းနေသည့် ရောဂတီတိုင်းက ဆန်ကုန်သည်တစ်ဦးက ပြောသည်။ (DVB 280110)
- လွန်ခဲ့သည့်လပိုင်း ရန်ကုန်အပါအဝင် မြို့နယ်တချို့တွင် မြစ်ပွားခဲ့သည့် ဖောက်ခွဲမှုများနှင့်ပတ်သက်၍ နအဖအစိုးရက ကရင်အမျိုးသားအစည်းအရုံး KNU နှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီ BLC တို့အား စွပ်စွဲချက်အပေါ် မဟုတ်မှန်ကြောင်း KNU က တုံ့ပြန်ပြောဆိုလိုက်သည်။ (DVB 280110)
- တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်နယ်စပ် ကုန်သွယ်ရေးဇုံ၌ ပို့ကုန်မှ ရရှိသောဝင်ငွေဖြင့် ကားသွင်းခွင့် ပါမစ်နှင့် စက်သုံးဆီ အရောင်းဆိုင်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ပိုင်ခွင့်ပြုမည်ဟု ပြောကြားပြီးနောက် ပို့ကုန်ဝင်ငွေ (Export Earning) ဈေးနှုန်းများ တက်နေကြောင်း နယ်စပ်ကုန်သယ်များက ပြောသည်။ (S.H.A.N 280110)
- ယခုလကုန်ပိုင်း၌ ကျင်းပမည့် သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုံမြို့နယ် လားဟူပြည်သူ့စစ်တပ်ဖွဲ့ နယ်ခြားစောင့်တပ် အသွင်ပြောင်းပွဲအတွက် လူထုရာနှင့်ချီဆင့်ခေါ်သည့်အပြင် ဒေသခံများထံမှလည်း ပွဲညေ့ခံကျွေးမွေးရန် ဆန်ပါ ကောက်ခံသည်ဟု နယ်စပ်သတင်းရပ်ကွက်မှဆိုသည်။ (S.H.A.N 280110)
- နအဖစစ်တပ် ထိန်းချုပ်ထားသည့် ကချင်ပြည်နယ်မှ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဌာနချုပ်ဟောင်း နာ့ဖော့-ပါဂျောင် တောင်တန်းများတွင် တရုတ်လူမျိုးများကို သီးသန့်ဘိန်းခင်းများစိုက်ရန် အလှည့်ကျ အခြေစိုက် နအဖတပ်ရင်းများက အခွင့်အရေးပေးနေကြောင်း ဒေသခံများက ပြောသည်။ (KNG 280110)

## ဇန်နဝါရီလ (၂၉)ရက်

- သျှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက် အတွင်းရှိ ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ UWSA ဆက်ဆံရေးရုံးအနီး၌ ယမန်နေ့က ဗုံးတစ်လုံးတွေ့ရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။ (NEJ/ S.H.A.N 290110)
- မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ်မှစ၍ ငွေကြေးဖောင်းပွမှုနှုန်း သိသိသာသာ လျော့ကျလာကြောင်း ကုန်သည်စက်မှု အသင်းချုပ်၏ ပြောကြားချက်သည် မမှန်ကန်ကြောင်း ပြည်တွင်းရှိ စီးပွားရေးပညာရှင်များက ထောက်ပြပြောဆိုလိုက်သည်။ (NEJ 290110)
- ရန်ကုန်စီးတီးတက္ကစီများအား ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် ယာဉ်မောင့်ခွင့်ကို (၂) နှစ်စာ ကြိုတင်ပေးသွင်းရန် ပြည်တွင်းအခွန်က တက္ကစီယာဉ်ပိုင်ရှင်များကို အကြောင်းကြားထားသည်ဟု ရန်ကုန်ရှိ စီးတီးတက္ကစီပိုင်ရှင်တစ်ဦးက ပြောသည်။ (NEJ 290110)
- မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်း ကြီးနိုင်ငယ်ညှင်း မတရားဖိနှိပ်မှုများနှင့် အထွေထွေအကြပ်အတည်းများကြောင့် ကရင်ပြည်နယ်မှ ရဲအရာရှိတစ်ဦး ထိုင်း-မြန်မာနယ်စပ်သို့ ထွက်ပြေးရောက်ရှိလာသည်။ (NEJ/ Yoma3 290110)
- ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေး စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိမှုဖြင့် နအဖအာဏာပိုင်များက ဖမ်းဆီးသွားသည့် မွန်ရဟန်းပျိုကို ရန်ကုန်မြို့သို့ ပို့ဆောင်လိုက်ပြီးနောက် ရက်သတ္တ (၃) ပတ်ကျော် ကြာမြင့်ပြီဖြစ်သော်လည်း မည်သည့်နေရာ၌ ချုပ်နှောင်ထားသည်ကို မသိရသေးကြောင်း ၎င်း၏ဆွေမျိုးများက ပြောသည်။ (NEJ 290110)

- ပဲခူးတိုင်း အနောက်ခြမ်း ပြည်မြို့ပေါ်၌ Beauty Saloon အမည်ခံ အနိုပ်ခန်း (မာဆတ်ခန်း) များ၊ KTV ခန်းများ၊ ပြည့်တန်ဆာနေအိမ်များ တစစ်ဖြင့် များပြားလာနေကြောင်း ပြည်မြို့ခံများက ပြောသည်။ (NEJ 290110)
- မြန်မာနိုင်ငံကို ပြန်လည်ကူညီပေးရန် ကမ္ဘာ့ဘဏ်က စည်းစားနေသည်ဟု ကမ္ဘာ့ဘဏ်အရာရှိတစ်ဦးကို ကိုးကား၍ Financial Times သတင်းစာတွင် ယမန်နေ့က ရေးသားထားသည်။ (Irrawaddy/ RFA 290110)
- တိုင်းရင်းသားလူမျိုးများ တန်းတူရေးကို စစ်အစိုးရဘက်က လက်ခံလျှင် လက်နက်ကိုင် တော်လှန်ရေးကို စွန့်လွှတ်မည်ဟု ကချင်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ KIO က နအဖ စစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ယနေ့ တွေ့ဆုံစဉ် ထပ်မံပြောဆိုလိုက်သည်။ (Mizzima 290110)
- မြန်မာအကျဉ်းထောင်များတွင် ကျန်းမာရေး မကောင်းသည့် နိုင်ငံရေးအကျဉ်းသား ၁၂၉ ဦး ရှိနေကာ၊ လုံလောက်စွာ စောင့်ရှောက်မှုပေးရန် လိုအပ်နေကြောင်း ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP-B နှင့် နိုင်ငံရေးအကျဉ်းသား မိသားစုဝင်များက ပြောသည်။ (Mizzima 290110)
- ၂၀၁၀ ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတစွာဖြင့် ကျင်းပရန် တိဘက်လွှတ်တော် ဒုဥက္ကဌက မြန်မာစစ်အစိုးရကို ယခုလ ၂၅ ရက်နေ့က တိုက်တွန်းပြောကြားလိုက်သည်။ (Mizzima 290110)
- ယခုနှစ်ဆန်းတွင် ဂန်ထမ်းများကို လစာကျပ်နှစ်သောင်းစီ တိုးပေးသော်လည်း စစ်အစိုးရက ကြေညာထားခဲ့သည့်အတိုင်း ယနေ့တွင် ၎င်းထပ်ဆောင်းလစာ ထုတ်ခွင့်ပေးတော့မည်ဟု အစိုးရဂန်ထမ်းများက ပြောသည်။ (DVB 290110)
- ဂါရှင်တန်ဒီစီအခြေစိုက် ISIS သိပ္ပံနှင့် နိုင်ငံတကာ လုံခြုံရေးအဖွဲ့မှ အနုမြူစွမ်းအင် လိုချင်နေသည့် မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံအကြား သံသယဖြစ်ဖွယ် အဆက်အသွယ်များ ရှိနေမှုကို အထူးသတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း အစီရင်ခံစာတစ်စောင်ကို ယမန်နေ့က ထုတ်ပြန်လိုက်သည်။ (RFA 290110)
- ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လက်အောက်ရှိ မြို့နယ် ၄၀ ထဲမှ မြို့နယ် ၂၀ မှ စည်းအဖွဲ့ဝင်များနှင့် အဖွဲ့ချုပ် တိုင်းစည်းအဖွဲ့ဝင်များ ယခုလ ၂၆ ရက်နေ့က တွေ့ဆုံကာ စည်းရုံးရေး လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြပြီး နောက်၊ ယနေ့တွင် ကျန်သည့် မြို့နယ် ၂၀ မှ စည်းအဖွဲ့ဝင်များနှင့် ဗဟန်း ရွှေဂုံတိုင် ဌာနချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (RFA 290110)
- ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲကို အများက လက်ခံယုံကြည်နိုင်မှုရှိရေးအတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်အကြား တွေ့ဆုံညှိနှိုင်းမှုများ မရှိမဖြစ် လိုအပ်ကြောင်း တိုက်တွန်းသည့်ကြေညာချက် တစ်ရပ်ကို ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။ (RFA 290110)
- ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများလုံး ပြန်လွှတ်ပေးရန် နှင့် တိုင်းရင်းသားများ အပါအဝင် နိုင်ငံရေးအင်အားစုများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ကာ တိကျသော လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ရန် ပြင်သစ်အစိုးရက ယခုလ ၂၇ ရက်နေ့တွင် မြန်မာစစ်အစိုးရကို ထပ်မံတောင်းဆိုလိုက်သည်။ (RFA 290110)
- ရန်ကုန် လှော်ကား ကွန်ပျူတာ တက္ကသိုလ် ကျောင်းအာဏာပိုင်များက ကျောင်းသားများအပေါ် ပြုမူဆက်ဆံမှုများကို သဘောမကျသဖြင့် ကန့်ကွက်ကြောင်း ကျောင်းတွင်းစာကပ်သည့် လှုပ်ရှားမှုတစ်ရပ် ယမန်နေ့က ဖြစ်ပွားခဲ့ကာ ကျောင်းတွင်း ရုတ်ရုတ်သဲသဲဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေ ကျောင်းသားများက ပြောသည်။ (RFA 290110)
- ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြောက်ပိုင်းကျွန်းပေါက် ဆင်ဦးကျေးရွာသားများကို ကျေးရွာရယက ဥက္ကဌဟောင်းတစ်ဦးက ဒေသခံ နစက အရာရှိများနှင့် ပူးပေါင်းကာ အတင်းအဓမ္မလုပ်အားပေး စေခိုင်းနေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (Narinjara 290110)
- သျှမ်းပြည်နယ် မိုင်းပြင်းမြို့အခြေစိုက် ခမရ ၅၂၈ တပ်ရင်းမှ စစ်တပ်နွေစပါးစိုက်ပျိုးရေးအဖွဲ့ လယ်ရေသွင်းစဉ် ၎င်းတို့၏တပ်တွင်းရံပုံငွေ အုတ်ဖိုထဲရေဝင်သွားသဖြင့် အနီးအနားရွာသားများထံမှ လျော်ကြေးပြန်တောင်းနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 290110)

**ဇန်နဝါရီလ (၃၀)ရက်**

- မကွေးတိုင်း မင်းဘူးနှင့် စကုမြို့နယ်များမှ တပင်ရွာ၊ ကဒီးရွာ၊ ဓါးမနိုင်၊ ဆင်ခေါင်းနှင့် ဇီးတလိုင်းစသည့် ကျေးရွာများတွင် နအဖစစ်အစိုးရနှင့်ဖက်စပ်သည့် တရုတ်ရေနံရှာဖွေရေး ကုမ္ပဏီ MPRL ၏ စမ်းသပ်မှုကြောင့် ဒေသခံစိုက်ခင်းများ ပျက်စီးနေသည်။ (RFA 300110)
- မြန်မာနိုင်ငံ အကျဉ်းထောင်များထဲတွင် ကျန်းမာရေးဆိုးဂါးနေသည့် နိုင်ငံရေးအကျဉ်းသားများထဲမှ မျက်စိဂေဒနာ ခံစားနေရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုလှမျိုးနောင်၏ ကျန်သည့် မျက်လုံးတစ်ဖက်သည် ကွယ်လုဆဲဆဲ အခြေအနေမှ ပြန်လည်ကောင်းမွန်လာကြောင်း ဇနီးဖြစ်သူ မအေးမာက ပြောသည်။ (RFA 300110)
- နော်ဂေနိုင်ငံအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့အသံ၏ ပြည်တွင်းဗွီဒီယိုသတင်းထောက် ကိုဇွေစိုးလင်းကို ထောင်ဒဏ် ၁၃ နှစ် ချမှတ်ခြင်းနှင့် မလှလှဂင်းကို ထောင်ဒဏ် ထပ်မံတိုးမြှင့်လိုက်သည့်အပေါ် မြန်မာ့သတင်းသမဂ္ဂ BMA နှင့် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ RSF က ပြစ်တင်ရှုတ်ချလိုက်သည်။ (RFA 300110)
- မန္တလေး အိုးဘိုအကျဉ်းထောင်က နိုင်ငံရေးအကျဉ်းသားအချို့ကို လွှန်ခဲ့သည့်ရက်ပိုင်းက နယ်ဂေးထောင်များသို့ ရုတ်တရက် ပြောင်းရွှေ့လိုက်သည်။ (RFA 300110)
- ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်လှုပ်ရှားမှုများ ပိုမိုများပြားလာနိုင်သဖြင့် ယခုနှစ်တွင် နိုင်ငံရေးအကျဉ်းသား အရေအတွက် ပိုမိုများပြားလာနိုင်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP-B က ပြောသည်။ (Mizzima 300110)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ရွှေဂုံတိုင် ကြေညာစာတမ်းကို လွှတ်တော်ကိုယ်စားပြု ကော်မတီ CRPP က ပိုင်းရံသွားမည်ဟု CRPP အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ (Mizzima 300110)
- ပြန်လည်ဖွဲ့စည်းမည့် ဗဟိုဦးစီးအဖွဲ့ CC တွင် အဖွဲ့ဂင်အဖြစ် လျာထားမည့် အမည်စာရင်းတင်သွင်းရန် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌက ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့ ဥက္ကဌများထံ ယခုလ ၂၇ ရက်နေ့တွင် ညွှန်ကြားစာ ပေးပို့လိုက်သည်။ (Mizzima 300110)
- ရခိုင်ပြည်နယ် အတွင်းရှိ ပုဏ္ဏားကျွန်း-ကျောက်တော် ရထားလမ်းပိုင်းကို ဖောက်လုပ်နေရာတါင် အလုပ်သမား တစ်ဦး ရေထဲလိမ့်ကျ သေဆုံးသွားကြောင်း လမ်းဖောက်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ (Narinjara 300110)
- ရန်ကုန်မြို့ရှိ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းအချို့တွင် အခကြေးငွေယူကာ အဖြေမှန်များကို လိမ်လည်ပေးမှုများ ရှိနေသည်။ (DVB 300110)
- ရခိုင်ပြည်နယ် မောင်းတောမြို့ကို မျက်နှာမူထားသည့် တာ့ခ်ကနာနယ်စပ်ကုန်သွယ်ရေး ဆိပ်ကမ်းမှ မြန်မာလှေသမားများနှင့် ဒေသခံအလုပ်သမားများအကြား ဖြစ်ပွားခဲ့သည့် ခိုက်ရန်ဖြစ်ပွားမှုပြဿနာကို တာ့ခ်ကနာ လွှတ်တော်အမတ်နှင့် ဒေသခံစီးပွားရေး လုပ်ငန်းရှင်များက တာဂန်ယူဖြေရှင်းပေးခဲ့သည်။ (DVB 300110)
- ၂၀၀၃ ခုနှစ် မေလ ၃၀ ရက်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ကြိုးစားရာမှ ဖြစ်ပွားခဲ့သော ဒီပဲရေးလုပ်ကြံသတ်ဖြတ်မှုတရားခံအား ဖော်ထုတ်ပေးရန် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက ဆန္ဒပြတောင်းဆိုလိုက်သည်။ (DVB 300110)
- ဇန်နဂါရီလအတွင်းတွင် နအဖ အမြောက်စစ်တပ်မှ အရာရှိတစ်ဦး တာဂန်ကျရာနေရာမှ ထိုင်းမြန်မာနယ်စပ်သို့ ထွက်ပြေးရောက်ရှိလာသည်။ (DVB 300110)
- မြန်မာစစ်အစိုးရ ပြည်ထဲရေးဂန်ကြီးဌာနမှ ယနေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းဂျာနယ်အချို့နှင့် ပြည်ထဲရေးဂန်ကြီးဌာနနှင့် နီးစပ်သည့် နိုင်ငံခြားသတင်းဌာနများနှင့် သတင်းထောက်များကိုသာ ကွက်၍ရွေးချယ်ဖိတ်ကြားခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ တက်ရောက်ခဲ့သူများက ပြောသည်။ (DVB 300110)
- ထိုင်း-မြန်မာနယ်စပ် မယ်ဆိုင်မြို့ရှိ OSAKA MARUNI (Thailand) Co.Ltd ဖိနပ်စက်ရုံမှ မြန်မာအလုပ်သမားများ၏ ယခုလ ၂၃ ရက်က လုပ်ခလစာ တိုးမြှင့်ပေးရန် ဆန္ဒပြတောင်းဆိုမှုကို စက်ရုံတာဂန်ရှိသူများက လိုက်လျောရန် ယမန်နေ့က သဘောတူခဲ့သည်။ (Irrawaddy 300110)

- မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးအတွက် အိန္ဒိယအစိုးရ အနေဖြင့် မြန်မာစစ်အစိုးရအပေါ် ထားရှိသော နိုင်ငံခြားရေး မူဝါဒများကို ပြန်လည်စဉ်းစား ပြောင်းလဲသင့်ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံအရှေ့ မြောက်ပြည်နယ်များမှ မြန်မာ့အရေးစိတ်ဝင်စားသူ သတင်းထောက်များက တိုက်တွန်းလိုက်သည်။ (Irrawaddy 300110)
- (63) နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားတွင် မွန်ပြည်သူလူထုအနေဖြင့် ပြည်သူလူထု အားလုံးအတွက် အရေးကြီးသည့် နိုင်ငံရေးအပြောင်းအလဲ ကာလတွင် မွန်ခေါင်းဆောင်များ၏ ဦးဆောင်မှုနောက်ကို ယုံယုံကြည်ကြည် လိုက်ပါကြရန် မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ လွတ်မြောက်နယ်မြေဌာနချုပ် အထွေထွေအတွင်းရေးမှူး နိုင်ဥသာက တိုက်တွန်းလိုက်သည်။ (Yoma3 300110)
- ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) နှင့် မြန်မာစစ်အစိုးရနစ်ဖက် အရာရှိများသည် ညှိနှိုင်းလို့မရသေးသည့် နယ်ခြားစောင့်တပ်ပြောင်းလဲ ဖွဲ့စည်းရေးကိစ္စကို ယမန်နေ့က မြစ်ကြီးနားမြို့တွင် ထပ်မံတွေ့ဆုံခဲ့သည်။ (KNG 300110)

**ဇန်နဝါရီလ (၃၁)ရက်**

- (၆၁) နှစ်မြောက် ကရင့်တော်လှန်ရေးနေ့တွင် ပေးအပ်သည့် ၂၀၀၉ ခုနှစ်အတွက် ပဒိုမန်းရှာ လူငယ်ခေါင်းဆောင်ဆုကို ကရင်ပြည်နယ်၊ ဖာပွန် (မူတရော်) ခရိုင်မှ ကျန်းမာရေးဝန်ထမ်း စောညွန့်ဝင်းက ဆွတ်ခူးရရှိခဲ့သည်ဟု ဖန်းဖောင်ဒေးရှင်းမှ ထုတ်ပြန်ကြေညာလိုက်သည်။ (KIC/ RFA 310110)
- ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် (၅) ကြိမ်မြောက် ကရင်လူငယ်နှီးနှောဖလှယ်ပွဲကို ယခုလ (၃၀) ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ ကမ်ဘာရာ၊ မဲလ်ဘုမ်းနှင့် ဆစ်ဒနီမြို့များရှိ ကရင်လူငယ် ၁၂၀ ကျော် တက်ရောက်ခဲ့ကြသည်။ (KIC 310110)
- (၆၁) နှစ်မြောက် ကရင့်တော်လှန်ရေးနေ့ အခမ်းအနားကို ကရင်အမျိုးသားအစည်းအရုံး KNU လက်အောက်ခံ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA ၏ တပ်မဟာ (၇) မှ တပ်ရင်းတပ်ဖွဲ့အသီးသီးတွင် ကျင်းပပြုလုပ်ခဲ့သည်။ (RFA 310110)
- လျှပ်စစ်တာဝါတိုင် မိုင်းခွဲဖျက်ဆီးမှုတွင် တာဝန်ရှိသော်လည်း စစ်အစိုးရကို တိုက်ခိုက်ခြင်းသာဖြစ်ကာ၊ ပြည်သူလူထု လျှပ်စစ်မီး မရရှိစေရန် မရည်ရွယ်ပါကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) က တုံ့ပြန်ပြောဆိုလိုက်သည်။ (Mizzima 310110)
- မြန်မာပြည်မှ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကို နိုင်ငံတကာက သိရှိလာအောင် ဓာတ်ပုံရိုက်သည့် လှုပ်ရှားမှုများကို အင်္ဂလာနိုင်ငံသား ဂျိန်းက်ကေးက လုပ်ဆောင်နေသည်။ (DVB 310110)
- စစ်တွေ ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (ဒကစ-စစ်တွေ)နှင့် ရခိုင်ပြည်နယ် ပယက ဒုဥက္ကဌ အပါအဝင် ဗိုလ်မှူးကြီး အဆင့်ရှိ အရာရှိများကို အပြောင်းအလဲ ဆက်လက်လုပ်ဆောင်နေကြောင်း စစ်ဘက်သတင်းရပ်ကွက်မှဆိုသည်။ (DVB 310110)
- အပစ်ရပ် မွန်ပြည်သစ်ပါတီသည် စစ်အစိုးရ တိုက်တွန်းထားသည့် နယ်ခြားစောင့်တပ်ဖွဲ့ ဖွဲ့စည်းရေးကို လက်မခံကြောင်းနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှ တချို့အချက်အလက်များကို ပြင်ဆင်ရန်လိုအပ်ကြောင်း မွန်ပြည်သစ်ပါတီ ဥက္ကဌ နိုင်ထောမွန်က ၆၃ ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားတွင် ပြောကြားလိုက်သည်။ (VOA 310110)

***End of report: Thursday, February 4, 2010***

***ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနမှ ထုတ်ဝေဖြန့်ချီသည်။***

***Documentation and Research Department- NDD***